# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၉၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လှိုင်းဘွဲမြို့နယ်၌ မိုးသည်းထန်စွာရွာပြီး တောင်ကျရေစီးဆင်းမှုကြောင့် အာရှကားလမ်းမပေါ်ရှိ တံတားနှစ်စင်းပျက်စီး

လှိုင်းဘွဲ ဇူလိုင် ၂၇

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ မိုးများအဆက်မပြတ် သည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ပိုင်ကျုံမြို့ ကြက်တူရွေးကျေးရွာအုပ်စု ထီလုံ–တာပေါင်–ပတ–နဘူး–ကော့ကရိတ် (တံတားကျိုး) အာရှကားလမ်းမကြီးပေါ်ရှိ ဘုရားကုန်းကျေးရွာအနီး တံတားအမှတ်(၃/၂၂)၊ အရှည်ပေ ၂၀၊ အကျယ်ပေ ၃၀၊ အမြင့် ၁၀ ပေရှိသော သံကူကွန်ကရစ်တံတားတစ်စင်းနှင့် ထီလုံ–တာပေါင်–ပတ – နဘူး – ကော့ကရိတ် (တံတားကျိုး) အာရှကားလမ်းမကြီးပေါ်ရှိ ကြက်တူရွေးကျေးရွာအုပ်စု ကွန်းစုကျေးရွာနှင့် ကော့ကျားမကော်ကျေးရွာအကြား တံတားအမှတ်(၁/၂၃)၊ အရှည် ၁၀ ပေ၊ အကျယ်ပေ ၃၀၊ အမြင့် ၁၀ ပေရှိသော သံကူကွန်ကရစ်တံတားတစ်စင်း စုစုပေါင်း တံတားနှစ်စင်းတို့မှာ တောင်ကျရေတိုက်စားမှုတို့ကြောင့် ဇူလိုင် ၂၅ ရက် ည ၇ နာရီခွဲက ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားနှစ်စင်းပြိုကျမှုတို့ကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် လှိုင်းဘွဲမြို့၌ ယမန်နေ့က မိုးရေချိန် ၅ ဒသမ ၉၁ လက်မ၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆



မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျချောင်းရေစီးဆင်းမှုကြောင့် အာရှလမ်းမပေါ်ရှိ ပျက်စီးသွားသော တံတားတစ်စင်းကို တွေ့ရစဉ်။

**ယနေ့** *ဖတ် စ ရာ*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ရည်မှန်းချက်သည် “ရွေးကောက်ပွဲ”ဖြစ်သည်

ဆောင်းပါး စာ ၆

## ဘားအံမြို့နယ်ရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်းကိုးခု၌ လူဦးရေ ၅၃၀၀ ကျော် ခိုလှုံနေရ

ပြည်တွင်းသတင်း စာ ၁၁





## ဂါဇာအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ လာမည့်သီတင်းပတ်တွင် ရောမမြို့၌ ပြုလုပ်သွားဖွယ်ရှိ

နိုင်ငံတကာသတင်း စာ ၁၃

## ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၇

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်စျာပနအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇူလိုင် ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်စျာပနအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် ဟနွိုင်းမြို့ရှိ အမျိုးသားစျာပနခန်းမတွင် ယာယီထားရှိသော ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ ရုပ်အလောင်းအား လွမ်းသူ့ပန်းခွေချခြင်း၊ ဂါရဝပြုခြင်းနှင့် ဝမ်းနည်းကြောင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Senior Lieutenant General Le Huy Vinh (လဲ့ ဟွေး ဗင့်) နှင့် သီးသန့်တွေ့ဆုံခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ H. E. Mr. To Lam ထံ ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက် ကွယ်လွန်ခြင်းအတွက် ထပ်မံပေးပို့လိုက်သော ဝမ်းနည်းကြောင်း သဝဏ်လွှာအား ပေးအပ်ခဲ့သည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ အမျိုးသားစျာပနခန်းမ၌ ကျင်းပပြုလုပ်သည့် အောက်မေ့ဖွယ်အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အဆိုပါအခမ်းအနားတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ H. E. Mr. To Lam က ကွယ်လွန်သူ သက်ရှိထင်ရှားရှိစဉ်အတွင်း နိုင်ငံကောင်းကျိုးအတွက် စွမ်းစွမ်းတမံ ထမ်းရွက်ခဲ့မှုများကို ပြန်ပြောင်းသတိရလျက် ချီးကျူးဂုဏ်ပြုစကား မြွက်ကြားခဲ့သည်။

ထို့နောက် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ ရုပ်အလောင်းအား မီးသင်္ဂြိုဟ်မည့်နေရာသို့ လိုက်ပါပို့ဆောင်ခဲ့သည်။

အဆိုပါစျာပနအခမ်းအနားသို့ ပြည်ပနိုင်ငံပေါင်း ၂၇ နိုင်ငံမှ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး သံရုံးဝန်ထမ်းများ၊ စစ်သံစစ်မှုထမ်းများ၊ သင်တန်းသားအရာရှိများ၊ သံရုံး/စစ်သံရုံးမှ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုး



ပေါင် ဇူလိုင် ၂၇

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက အလှပ်ကျေးရွာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ပြီး ကမ်းရိုးတန်းတစ်လျှောက်လုံး၏ ဂေဟစနစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေး၊ ကမ်းရိုးတန်းသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများ အနေဖြင့်လည်း ဒီရေတောများ ကာကွယ်ထိန်းသိမ်းရေး၊ လေပြင်းများ ကာကွယ်ထိန်းသိမ်းခံနိုင်သည့် သစ်မျိုးများ စိုက်ပျိုးခြင်းဖြင့် ဒီရေတော ကာကွယ်ရေး စသည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဒီရေတောသစ်မျိုးများ ဖြစ်သည့် သမဲ့ပင် ၁၅၀၀၊ ဗြူးခြေထောက်ပင် ၃၀၀ စုစုပေါင်း ဒီရေတောအပင်အရေအတွက် ၁၈၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ဒီရေတောသစ်မျိုးစိုက်ပျိုးနေမှုနှင့် ယခင် ဒီရေတောပျိုးပင်များ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

မွန်ပြည်နယ်အနေဖြင့် ကမ်းရိုးတန်းဒေသများတွင် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေးအတွက် မြို့နယ်အသီးသီးတွင် ဒီရေတောသစ်ပင် ၁၃၈၀ အပြင် ကမ်းရိုးတန်းဒေသများအတွက် ဒီရေတော သစ်ပင် ၅၂၅၀ နှင့် အရိပ်ရ လေကာပင် ၁၀၃၀၀၊ လမုပင် ၁၈၀၀ စုစုပေါင်း ၂၂၀၈၀ ကိုလည်း ဆက်လက်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

✻ *ရှေ့ဖုံးမှ*

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုးထစ်ချုန်းရွာနိုင်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၃ ရက်မှ ၂၉ ရက်ခန့်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၂ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၈ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၃ - ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်ဆုရရှိကြသူ ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့်အလွတ်တန်းဆောင်းပါး ပြိုင်ပွဲဆု၊ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆု ရရှိကြသည့် ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ် ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပ သည်။

အခမ်းအနားသို့ ဒုတိယ ဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဌာန ဆိုင်ရာ အကြီးအကဲများ၊ ထူးချွန် ဆုရရှိကြသူများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားပညာ ရည်မြင့်မားရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလေးထားဆောင်ရွက် လျက်ရှိကြောင်း၊ ယနေ့ လူငယ် များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ယူပြီး နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက် သွားကြရမည့်သူများဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ တည်ဆောက်ရာတွင် ရုပ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူငယ်များအနေဖြင့် အသိပညာ ဗဟုသုတမြင့်မားပြီး စိတ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးကြောင်း၊ နည်းပညာ သစ်များဖြင့် စိန်ခေါ်မှု၊ ပြိုင်ဆိုင်မှု များပြားသည့် ယနေ့ ကမ္ဘာကြီး တွင် လူငယ်များအနေဖြင့် အချိန် ကို အကျိုးရှိစွာအသုံးချ၍ အစဉ်



ကြိုးစားလေ့လာသင်ယူသွားကြ ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီး အကဲများက ၂၀၂၃-၂၀၂၄ ပညာ သင်နှစ်တွင် တက္ကသိုလ်ဝင်စာမေး ပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ခြောက်ဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၈ ဦး၊ အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဆုရရှိသူ တစ်ဦး၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၃၁ ဦး၊ ဝန်ကြီး ဌာနအဆင့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူ ၂၃ ဦး၊ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိ သည့် ဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများကို ဂုဏ်ပြု ဆုများနှင့် ၂၀၂၄-၂၀၂၅ ပညာသင် နှစ် အခြေခံပညာကျောင်းများ ၌ ပညာသင်ကြားနေကြသော ဝန်ထမ်းသားသမီးများကို ပညာ သင်ထောက်ပံ့ကြေးများ ချီးမြှင့် ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာန ဆိုင်ရာ အကြီးအကဲများသည် ထူးချွန်ဆု ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြပြီး ရင်သွေးငယ်များအား ထူးချွန်အောင် ပြုစုပျိုးထောင်ပေး ခဲ့ကြသည့် ဝန်ထမ်းမိဘများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူ များကို ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးကာ ဂုဏ်ပြုနေ့လယ်စာ ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ လုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် စတုတ္ထ အကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီး အကဲများ အစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) တက်ရောက်ပြီး ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ အမျိုးသားလုံခြုံ ရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် နှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့ဝင် များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားကြသည်။

ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူး ချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့ ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီး ဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန် ရှိသူများက နေပြည်တော်အပြည် ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

အဆိုပါ ဘင်းမ်စတက် အမျိုး သားလုံခြုံရေးဆိုင်ရာ အကြီးအကဲ များ၊ ဘင်းမ်စတက်အတွင်းရေးမှူး ချုပ်နှင့် ၎င်းတို့၏ ဇနီးများ၊ အဖွဲ့ဝင်များသည် ရန်ကုန်မြို့မှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လေကြောင်းခရီးဖြင့် ဆက်လက် ထွက်ခွာသွားကြကြောင်း သိရ သည်။

**သတင်းစဉ်**





◆ *ရှေ့ဖုံးမှ*

ရှမ်းရွာသစ်မြို့၌ ၁၅ ဒသမ ၇၅ လက်မအထိ မိုးသည်းထန်စွာရွာသွန်းခဲ့ သဖြင့် လှိုင်းဘွဲချောင်းရေ၏ စိုးရိမ်ရေအမှတ် ၉၈၀ စင်တီမီတာအထက် ၁၀၄၄ စင်တီမီတာသို့ ရောက်ရှိခဲ့သဖြင့် လှိုင်းဘွဲမြို့လယ်ရှိ လမ်းများမှာ ရေအနက် သုံးပေကျော်အထိ ချောင်းရေဝင်ရောက်ခဲ့သည့်အတွက် မော်တော်ယာဉ်ငယ်များနှင့် လူများသွားလာ ရခက်ခဲလျက်ရှိကြောင်း သိရသည်။

လှိုင်းဘွဲမြို့နယ်အတွင်းရှိ ဒေါနတောင်တန်းနှင့် ဆက်စပ်လျက်ရှိ သောတောင်တန်းများပေါ်၌ မိုးများ အဆက်မပြတ်သည်းထန်စွာရွာသွန်း ချိန်များ၌ တောင်ကျရေစီးဆင်းမှုဖြစ်ပွားရာတွင် လှိုင်းဘွဲမြို့နယ်အတွင်း ရှိ ရှမ်းရွာသစ်မြို့သည် မြေမျက်နှာပြင်အမြင့်ပိုင်းတွင် တည်ရှိသဖြင့် ရေကြီးရေလျှံမှုဒဏ်ကို မခံစားရကြောင်း၊ လှိုင်းဘွဲမြို့နှင့် ပိုင်ကျုံမြို့ တို့သည် မြေနိမ့်ပိုင်းဒေသတွင်တည်ရှိသည့်အတွက် မြို့ပေါ်ရပ်ကွက် များနှင့် ကျေးရွာအများစုမှာ ရေကြီး၊ ရေလျှံမှုအန္တရာယ်များကို နှစ်စဉ် နီးပါး ကြုံတွေ့ခံစားနေကြရကြောင်း ဒေသနေပြည်သူများက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာခရိုင်၌ ကျေးလက်ကုန်ထုတ်လမ်း သုံးလမ်း ဖောက်လုပ်လျက်ရှိ

**မိတ္ထီလာ ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ ခရိုင်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာ ၁၃ ရွာရှိ စိုက်ဧက ၁၁၅၂ ဧကမှ ထွက်ရှိသည့် ထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီသယ်ယူ ပို့ဆောင်နိုင်ရေး ကျေးလက် ကုန်ထုတ်လမ်း သုံးလမ်း ဖောက်လုပ်လျက်ရှိသည်။



မိတ္ထီလာမြို့နယ် ဆည်ကုန်း ကျေးရွာတွင် အရှည် ၀/၆ ဒသမ ၈၂ မိုင်ရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းပေါ် တွင် အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့်သုံးပေရှိ Slab culvert တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုရန်ပုံ ငွေကျပ် ၆၉ ဒသမ ၆၅ သန်း ဖြင့် ဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိပြီး မလှိုင် မြို့နယ် မြို့ကုန်းကျေးရွာတွင် အရှည် ၁/၅ မိုင်ရှိ ကုန်ထုတ် လမ်း ဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းပေါ်တွင် အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိ Slab culvert သုံးစင်း တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေ ၁၃၆ ဒသမ ၄၅၆ သန်းဖြင့် လည်းကောင်း၊ ဝမ်းတွင်းမြို့နယ် ပျားစွဲ (အနောက်) ကျေးရွာတွင် အရှည် ၁/၅ မိုင်ရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း နှင့် ၎င်းလမ်းပေါ်တွင် အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိ Slab culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေ ၁၃၁ ဒသမ ၉၉ သန်းဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား ဘောလုံးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော် ရေဆင်းစိုက်ပျိုးရေး သုတေသန ဦးစီးဌာန အားကစားကွင်း၌ ကျင်းပသည့် ပြည်ထောင်စုဝန်ကြီးဖလား ဘောလုံးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတွင် အားကစားနည်းများ အလိုက် ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိပြီး တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်အပန်းပြေစေရေးနှင့် ဦးစီးဌာနများအကြား ရင်းနှီးချစ်ကြည်မှု တိုးမြှင့်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပပေးခြင်း ဖြစ်သကဲ့သို့ ထူးချွန်သူများကို ရွေးချယ်၍ပြုစုပျိုးထောင်ပေးခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန် မျှော်မှန်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ယခု ကျင်းပသည့် အမျိုးသားဘောလုံး အားကစားပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်မှ ၂၇ရက်အထိ ရုံးအမှတ်ကိုယ်စားပြု အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုဖလားရရှိသည့် ရုံးအမှတ် (၃၆) အသင်းကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း၊ ဒုတိယဆု၊ တတိယဆုနှင့် အခြားဆုများကို ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၇**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံး၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများ၏ ဓာတ်အား ဖြန့်ဖြူးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက ပုဗ္ဗသီရိမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ မီတာဘေလ်ငွေကောက်ခံမှု၊ မီးသုံးစွဲသူ ပြည်သူများအပေါ် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားခြွေးကျန်များ အပြည့်အဝရရှိရေးနှင့် တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများမရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားရန် လိုအပ်ကြောင်း၊ ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် ဗို့အားပြည့်ဝတည်ငြိမ်ပြီး အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးပို့နိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အား စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးတို့အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများကို စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်နှင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများ ဖြစ်သည့်အတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးရန်နှင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကို အလေအလွင့် ဆုံးရှုံးမှုမရှိစေရေး ဂရုစိုက် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများသို့ သွားရောက်ပြီး မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တောင်ငူမြို့နယ် ကျွန်းကုန်းအခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲနှင့် သစ်ပင်စိုက်ပွဲကျင်းပ

**တောင်ငူ ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု ကျွန်းကုန်းအခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်၍ အသိပညာပေးဟောပြောပွဲနှင့် သစ်ပင်စိုက်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ကျင်းပသည်။

ဦးစွာ တောင်ငူမြို့နယ် ကျွန်းကုန်းအခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုသွယ်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ရဲဝင်းက သစ်တောဦးစီးဌာန၏ ဆောင်ရွက်နေမှုများနှင့် သစ်ပင်စိုက်ပျိုးနေမှုများ၊ သစ်တောအမျိုးအစား ရှစ်မျိုးအကြောင်း၊ သစ်တောများ၏ ကောင်းကျိုးများ၊ ကျောင်းသား ကျောင်းသူများက သစ်တောသစ်ပင်များကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပေးရန်တို့ကို အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၅၀ခန့်က ကျွန်း၊ ရေတမာ၊ ခရေ၊ စိန်ပန်းကြီး၊ ယင်းမာ၊ ကံ့ကော်၊ ပိတောက်၊ ယမနေ၊ မန်ဂျန်၊ ပိန္နဲ၊ ငုရွှေ၊ ဗာဒံ၊ ကုက္ကို၊ ပျဉ်းမနှင့် စွယ်တော်ပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

# မြစ်သားမြို့နယ်၌ ပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး ဓာတ်အားကြိုးနှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ကျောက်ဆည် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ပြည်သူများ လျှပ်စစ်မီးသုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးအတွက် လျှပ်စစ် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ယိမ်းယိုင်နေသည့် ဓာတ်တိုင်များအား တည့်မတ်ခြင်း၊ လျော့ကျနေသည့် လျှပ်စစ်ကြိုးများကို ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက် ၁၀နာရီက ရပ်ကွက် (၁)ရပ်ကွက်နှင့် ကျေးရွာ ၂၄ ရွာမှ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး ဓာတ်အားကြိုးနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို စနစ်တကျ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

မြစ်သားမြို့နယ် ၃၃/၁၁ ကေဗွီ၊ ၂၀အမ်ဗွီအေ ဓာတ်ခွဲရုံမှ ဓာတ်အား ဖြန့်ဖြူးပေးနေသည့် ၁၁ကေဗွီ မြစ်သား - ရေဝန်း ဓာတ်အားလိုင်း ဖြစ်ကြောင်းနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းကြောင့် အဆိုပါ ဓာတ်အားလိုင်းမှ လျှပ်စစ်သုံးစွဲသည့် ကသဲကုန်း၊ ရွာသစ်၊ ချင်း၊ ရေဝန်း၊ ရွာရှည်၊ ခန္တီကြီး၊ နဲ့ဝဲ၊ သီလင် စသည့် ကျေးရွာအုပ်စုများမှ အသေးစား၊ အငယ်စား လုပ်ငန်းရှင်များနှင့်ပြည်သူ ၃၀၈၂ ဦးတို့ လျှပ်စစ်မီးသုံးစွဲရာ၌ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းများကို မြို့နယ်လျှပ်စစ် မန်နေဂျာဦးဆောင်မှုဖြင့် လိုင်းဝန်ထမ်းများက ရှင်းလင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး ထွက်ရှိလာသော သစ်ပင်သစ်ကိုင်းများကို စနစ်တကျ စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ရည်မှန်းချက်သည် "ရွေးကောက်ပွဲ"ဖြစ်သည်

ဘုန်းနိုင်

❑ **လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသော ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရသည့်အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်နှင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေ၊ အနာဂတ်မှာ ဖြစ်တည်လာနိုင်မည့် အခြေအနေများကို မှန်ကန်စွာ တွက်ဆရန် လိုပါလိမ့်မည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ကိစ္စအရပ်ရပ်ကို တာဝန်ယူဖို့ စတင်ဖွဲ့စည်းရယူခဲ့ခြင်းသည် ယိုယွင်းသွားသည့် ဒီမိုကရေစီလမ်းကြောင်းကို ပြန်လည်တည့်မတ်ပေးဖို့သာဖြစ်ပါသည်။ ထိုကဲ့သို့ လမ်းကြောင်းမှန်ပေါ်တည့်မတ်ပေးရင်း အနာဂတ်နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ကဏ္ဍအစုံ၌ မဖြစ်မနေဆောင်ရွက်ရမည့် လက်တွေ့ကျသော အခြေခံအုတ်မြစ်များခိုင်မာစေဖို့ တည်ဆောက်နေခြင်းကိုတွေ့ရ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်းမှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုသို့ လျာထားဆောင်ရွက်လျက်ရှိသည်ကို တချို့က လက်ရှိဖြစ်ပျက်နေသည့် အခြေအနေများကိုအခြေခံပြီး ထွက်ပေါက်တစ်ခုအဖြစ် ပြောဆိုရှုမြင်နေသည်ကိုလည်း တွေ့မြင်ရပါသည်။ အဘယ်သို့သောအခြေအနေကို အခြေခံပြီး ထွက်ပေါက်အဖြစ် ရှုမြင်နေကြသည်ကိုတော့ မပြောတတ်ပါ။ **"ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပပေးမည်"** ဆိုသည့်စကားရပ်သည် ယခုကာလမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားလာခြင်းမဟုတ်ဘဲ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပြုလုပ်ခဲ့သော အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး၌ နိုင်ငံတော်၏ ယာယီသမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ နိုင်ငံတော်၏တာဝန်များကို ခေတ္တထိန်းသိမ်းပေးရန် လွှဲပြောင်းပေးစဉ်ကတည်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် **"နိုင်ငံတော်တွင် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရ နိုင်ငံရေးပါတီအား နိုင်ငံတော်တာဝန်ကို လွှဲပြောင်းပေးမည်"** ဟု အခိုင်အမာ ပြောကြားခဲ့သည်ကို တွေ့ရပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးမည်ဆိုသည်ကို ထင်ရှားစွာတွေ့နိုင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်များကို လေ့လာကြည့်ပါက စတင်ဖွဲ့စည်းစဉ်ကချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သော ဆိုးရွားသည့် မဲမသမာမှုများကြောင့် အရေးပေါ်ကြေညာ၍ နိုင်ငံတော်တာဝန်ကို ရယူထိန်းသိမ်းခဲ့ရ၍ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ ခုရှိ မဲစာရင်းများကို ဦးစားပေးစစ်ဆေးခြင်း ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါမည်။ ရည်ရွယ်ချက်ရှိရှိဖြင့် မဲမသမာမှုပြုလုပ်နိုင်သည့် မဲအရေအတွက် ၁၁ သန်းကျော်ရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသောကြောင့် တာဝန်ရှိသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူခံခဲ့ရပါသည်။ အဆိုပါရှေ့လုပ်ငန်းစဉ်များ၏ နောက်ဆုံးအချက်တွင်လည်း **"အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"**ဟု ထည့်သွင်းပြီး ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပကာ အနိုင်ရရှိသည့်ပါတီကို နိုင်ငံတာဝန်ကို ပြန်လည်လွှဲအပ်ပေးမည်ဖြစ်ကြောင်းကို တိုင်းသိပြည်သိအာမခံထားသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတစ်ဝန်း အကြမ်းဖက်သမားများ၏ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များကြောင့် အရေးပေါ်ကာလသက်တမ်းတိုးခဲ့ရာ (၂) နှစ်ပြည့်မြောက်သည့်နေ့တွင်လည်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ပြင်ဆင်ချမှတ်ခဲ့ပါသည်။ ထိုပြင်ဆင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်တွင်လည်း **"ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"**ဟု ထပ်မံထည့်ထားခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးမည်ဆိုသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း နိုင်ငံတော်အဆင့် အမျိုးသားရေးနှင့် နိုင်ငံရေးဆိုင်ရာ အခမ်းအနားများနှင့် အစည်းအဝေးများတွင်လည်း ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပနိုင်ရေးနှင့်ပတ်သက်၍ လိုအပ်သော အခင်းအကျင်းများ၊ ပြင်ဆင်ဆောင်ရွက်မှုများအား အမြဲပြောကြားခဲ့သည်ကိုလည်း တွေ့မြင်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရွေးကောက်ပွဲလုပ်ပေးမည့် ရည်မှန်းချက်ကို ပြတ်သားစွာ တွေ့ရှိနိုင်ပါသည်။

လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသော ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရသည့်အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရည်မှန်းချက်နှင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေ၊ အနာဂတ်မှာ ဖြစ်တည်လာနိုင်မည့် အခြေအနေများကို မှန်ကန်စွာ တွက်ဆရန် လိုပါလိမ့်မည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ကိစ္စအရပ်ရပ်ကို တာဝန်ယူဖို့ စတင်ဖွဲ့စည်းရယူခဲ့ခြင်းသည် ယိုယွင်းသွားသည့် ဒီမိုကရေစီလမ်းကြောင်းကို ပြန်လည်တည့်မတ်ပေးဖို့သာဖြစ်ပါသည်။ ထိုကဲ့သို့ လမ်းကြောင်းမှန်ပေါ်တည့်မတ်ပေးရင်း အနာဂတ်နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ကဏ္ဍအစုံ၌ မဖြစ်မနေဆောင်ရွက်ရမည့် လက်တွေ့ကျသော အခြေခံအုတ်မြစ်များခိုင်မာစေဖို့ တည်ဆောက်နေခြင်းကို တွေ့ရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စနစ်အပြောင်းအလဲမှစ၍ ယခုချိန်ထိ ဖြစ်ပျက်ခဲ့သည့် အခြေအနေများကို ထဲထဲဝင်ဝင် သိရှိထားသူတစ်ယောက်ဟု ဆိုနိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ နိုင်ငံ၏စနစ်ပြောင်းကာလတွင် လက်တွေ့ကျင့်သုံးခဲ့ရာ ကြုံတွေ့ခဲ့ရသည့်အခြေအနေများအပေါ် အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ပြန်လည်ပြင်ဆင်သင့်သည်များကို ပြန်လည်ပြင်ဆင်ရန်လိုအပ်ခြင်းဆိုသည့် ပကတိအမှန်တရားကို လက်ခံပြီးဖြစ်သည်ကိုလည်း တွေ့ရပါသည်။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးတည်ဆောက်ရေးဆိုသည့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကိုချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ နိုင်ငံအတွင်း စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေသော လက်နက်ကိုင်လမ်းစဉ်ကို မဖြစ်မနေ ချုပ်ငြိမ်းပပျောက်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေမှတစ်ဆင့် နိုင်ငံရေးညီမျှမှု၊ နိုင်ငံဖွဲ့စည်းတည်ဆောက်မှုတို့ဖြင့် ကြိုးပမ်းနေခြင်းကိုလည်း တွေ့မြင်လာရပါသည်။

မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများကို အငြင်းပွားမှု နည်းပါးစွာဖြင့် ဖြတ်ကျော်နိုင်ခဲ့ပြီး နည်းပါးသည့် အငြင်းပွားမှုများကိုလည်း အောင်မြင်စွာဖြေရှင်းပေးနိုင်ခဲ့သည်ကို တွေ့ရမှာဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ၅ နှစ်တာကာလအတွင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာသုံးရပ်ကျင့်သုံးခဲ့ရာ ကြီးမားသည့် ထိပ်တိုက်ရင်ဆိုင်မှုများ မဖြစ်ခဲ့သော်လည်း အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာ(တစ်နည်းအားဖြင့်) အစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့ကြားတွင် ပွတ်တိုက်မှုအနည်းငယ်တော့ရှိခဲ့သည်ကို တွေ့ရမှာဖြစ်ပါသည်။

## NCA လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပကြမည်ဆိုသည့် နည်းလမ်းတစ်ခု ချမှတ်ခဲ့ခြင်းဖြစ်

မြန်မာနိုင်ငံလွတ်လပ်ရေးမရခင်အချိန်ကတည်းက အမြစ်တွယ်ခဲ့သော လက်နက်ကိုင်၍ ဖြေရှင်းသည့်လမ်းစဉ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) က ဩဇာသက်ရောက်စွာ ဖြေရှင်းပေးနိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။ မြန်မာ့လက်နက်ကိုင်လမ်းစဉ်သည် မည်သည့်ခေတ်တွင်မှ ပပျောက်သွားခြင်းမရှိခဲ့ဘဲ အတန်ငယ်အားနည်းခဲ့ခြင်းသာရှိခဲ့ပါသည်။ ဒီမိုကရေစီခေတ်တွင် တစ်ကျော့ပြန်တိုက်ပွဲများပြန်လည်ဖြစ်ပွားခြင်းများနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသစ်များလည်း ထပ်မံပေါ်ပေါက်လာခဲ့သည်ကို တွေ့ရမှာဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သည့်လက်နက်ကိုင်အဖွဲ့မဆို လက်နက်ကိုင်အဖွဲ့အဖြစ် တရားဝင်ရပ်တည်မည်ဆိုပါက နယ်ခြားစောင့်တပ်အဖြစ်သော်လည်းကောင်း၊ ပြည်သူ့စစ်အဖြစ်သော်လည်းကောင်း ပြောင်းလဲပြီး တပ်မတော်၏ကွပ်ကဲမှုအောက်တွင် တည်ရှိရမှာဖြစ်ပါသည်။ သို့သော် ထိုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တပ်မတော်ကွပ်ကဲမှုအောက်တွင် နေထိုင်လိုခြင်း မရှိကြဘဲ ကိုယ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့ ဖွဲ့စည်းပြီး သီးခြားနယ်မြေအဖြစ် ရပ်တည်လိုသည့်သဘောထားများသာ ရှိနေကြသည်ကို တွေ့ရမှာဖြစ်ပါသည်။ ထိုပြဿနာများကိုပြေလည်စေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်တည်လာစေရေးအတွက် NCA လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပကြမည်ဆိုသည့် နည်းလမ်းတစ်ခု ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နောက်တွင် ၁၉၈၈ ခုနှစ်ကတည်းက တပ်မတော်ကို ရန်သူသဖွယ်

*စာမျက်နှာ ၇ သို့*

**"ကျင်းပခဲ့သည့်ရွေးကောက်ပွဲများတွင် မဲပေးရွေးချယ်သည့်စနစ်သည် မဲနိုင်သည့်သူ အကုန်ယူစနစ် ဖြစ်နေသည့်အတွက် အချို့သော ပြည်နယ်များတွင် မဲနိုင်သည့်တိုင်းရင်းသားပါတီများသည် အစိုးရဖွဲ့ခွင့်မရဘဲ သမ္မတကသာ စိတ်ကြိုက်ဖွဲ့စည်းခန့်အပ်နိုင်သည့်အတွက် တိုင်းရင်းသားအများစုက ကျေနပ်နှစ်ခြိုက်ခြင်း မရှိကြပါ။ ထိုအချက်သည် ပြည်ထောင်စုသွေးစည်းညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် လေးစားတန်ဖိုးထားလာနိုင်သည့်အခြေအနေကို အဟန့်အတားဖြစ်စေသည်ဟု ရှုမြင်ရပါမည်။ NLD အနေဖြင့် အာဏာမရမီအချိန်တွင် တိုင်းရင်းသားအခွင့်အရေးနှင့် စစ်မှန်သည့် ဖက်ဒရယ်စနစ်ကို ရွေးရှုမည်ဟု တွင်တွင်ပြောခဲ့သော်လည်း အာဏာရလာသည့်အခါ တစ်နိုင်ငံလုံးကို တစ်ပါတီတည်းက လက်ဝါးကြီးအုပ်ချင်သည်က ပိုများလာခဲ့သည်"**

*စာမျက်နှာ ၆ မှ*

အမြဲတမ်းစဉ်းစားဆက်ဆံခဲ့သည့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် NLD ပါတီအာဏာရလာခဲ့ပါသည်။ ဒီမိုကရေစီစနစ် အသက်ဝင်စေရန်နှင့် ပြည်သူပြည်သားများ၏ သဘောထားကို လေးစားသည့်အတွက် အာဏာရ USDP ပါတီအစိုးရသည် ရွေးကောက်ပွဲကို သမာသမတ်ကျစွာဖြင့် ကျင်းပပေးခဲ့ပြီး မဲအနိုင်ရသည့် NLD ပါတီကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးအပ်ခဲ့သည်ကို တွေ့ရမှာဖြစ်ပါသည်။

## အားသာမည့်ကိစ္စရပ်များတွင် အခြေခံဥပဒေကို ခုတုံးလုပ်ပြီး ၎င်းတို့လုပ်ချင်သည့် ကိစ္စရပ်များတွင် အခြေခံဥပဒေကို မျက်ကွယ်ပြုခဲ့ကြ

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နိုင်ငံတော်တာဝန်ကို ရယူခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ NLD အစိုးရသည် ၎င်းတို့ကို အာဏာရစေခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အပေါ် လေးစားစွာ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ၎င်းတို့အလိုကျ ပြင်ချင်ရာပြင်ဖို့ကိုသာ အဓိကထားဆောင်ရွက်ခဲ့သည်ကို တွေ့ရမှာဖြစ်ပါသည်။ အားသာမည့်ကိစ္စရပ်များတွင် အခြေခံဥပဒေကို ခုတုံးလုပ်ပြီး ၎င်းတို့လုပ်ချင်သည့် ကိစ္စရပ်များတွင် အခြေခံဥပဒေကို မျက်ကွယ်ပြုခဲ့ကြသည်ကို တွေ့ရမှာဖြစ်ပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုသည့် အသုံးအနှုန်းနှင့် ရာထူးသည်ပင် အခြေခံဥပဒေကပေးထားသည့် အခွင့်အာဏာထက် ကျော်လွန်နေသည်ကို တွေ့ရမှာဖြစ်ပါသည်။ ထို ၅ နှစ်တာကာလအတွင်းတွင် NLD အနေဖြင့် အဓိကဆောင်ရွက်ခဲ့သည့် ကိစ္စသည် တပ်မတော်ကို နိုင်ငံရေးမှ ထွက်ခွာရေး၊ နိုင်ငံရေးသမားများ၏ လက်အောက်ရောက်ရှိရေးနှင့် တပ်မတော်အပေါ် ပြည်သူလူထု အမြင်မှားစေရေးများကိုသာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရမှာဖြစ်ပါသည်။

NLD အစိုးရလက်ထက်တွင် ဖွဲ့စည်းပုံပြင်ဆင်ရေးနှင့် ပတ်သက်၍ သမ္မတအရည်အချင်းဖြစ်သည့် ပုဒ်မ ၅၉(စ)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း ပုဒ်မ ၄၃၆ များကိုသာ အဓိကထားခဲ့သည်ကို တွေ့ရမှာဖြစ်ပါသည်။ ပုဒ်မ ၅၉(စ) သည် ဒေါ်အောင်ဆန်းစုကြည်ကို ရည်ညွှန်းထားသည်ဟုယူဆပြီး ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးအတွက် ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ ပုဒ်မ ၄၃၆ ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၎င်းတို့စိတ်ကြိုက် အလွယ်တကူပြင်ဆင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ကျင်းပခဲ့သည့်ရွေးကောက်ပွဲများတွင် မဲပေးရွေးချယ်သည့်စနစ်သည် မဲနိုင်သည့်သူ အကုန်ယူစနစ် ဖြစ်နေသည့်အတွက် အချို့သောပြည်နယ်များတွင် မဲနိုင်သည့်တိုင်းရင်းသားပါတီများသည် အစိုးရဖွဲ့ခွင့်မရဘဲ သမ္မတကသာ စိတ်ကြိုက်ဖွဲ့စည်းခန့်အပ်နိုင်သည့်အတွက် တိုင်းရင်းသားအများစုက ကျေနပ်နှစ်ခြိုက်ခြင်း မရှိကြပါ။ ထိုအချက်သည် ပြည်ထောင်စုသွေးစည်းညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် လေးစားတန်ဖိုးထားလာနိုင်သည့်အခြေအနေကို အဟန့်အတား ဖြစ်စေသည်ဟု ရှုမြင်ရပါမည်။ NLD အနေဖြင့် အာဏာမရမီအချိန်တွင် တိုင်းရင်းသားအခွင့်အရေးနှင့် စစ်မှန်သည့် ဖက်ဒရယ်စနစ်ကို ရေးရှုမည်ဟု တွင်တွင်ပြောခဲ့သော်လည်း အာဏာရလာသည့်အခါ တစ်နိုင်ငံလုံးကို တစ်ပါတီတည်းက လက်ဝါးကြီးအုပ်ချင်သည်က ပိုများလာခဲ့သည်ကို တွေ့ရမှာဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် မိမိတို့ဝင်ရောက်ယှဉ်ပြိုင်သည့် ပြည်နယ်နှင့် ဒေသများတွင် မဲနိုင်ပါက သက်ဆိုင်ရာအစိုးရအဖွဲ့ကို ကိုယ်တိုင်ရွေးချယ်ခန့်အပ်လိုသည့် ဆန္ဒသည် တိုင်းရင်းသားတိုင်းတွင် ရှိကြပါသည်။ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကမဲနိုင်၍ အစိုးရဖွဲ့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အသက်ဝင်သည့် ကာလဖြစ်ခြင်းနှင့် နိုင်ငံတစ်ဝန်းလုံး ပြည်နယ်ဒေသများတွင်ပါ မဲနိုင်ခြင်းများကြောင့် သမ္မတက စိတ်ကြိုက်ခန့်အပ်ခဲ့တာ မသိသာလှပေ။ သို့သော် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်၌ ရခိုင်တိုင်းရင်းသားပါတီက မဲအများစုဖြင့်နိုင်ခဲ့သည့်အတွက် အစိုးရဖွဲ့ရာတွင် ပြည်နယ်အစိုးရကို ကိုယ်တိုင်ဖွဲ့လိုသည့်ဆန္ဒ ရှိခဲ့သော်လည်း

❖ **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်တာဝန်ယူခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီချမှတ်ထားသည့် အန္တိမရည်မှန်းချက်ဖြစ်သော ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပနိုင်ရေးကို တစ်ဆင့်ပြီးတစ်ဆင့် အချိတ်အဆက်မိမိ ဆောင်ရွက်လာရာ ရုပ်လုံးပေါ်လာနေသည်ကိုတွေ့ရ**

NLD ပါတီက လက်မခံခဲ့ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်မပြုထားဟူ၍ အကြောင်းပြခဲ့သည်ကိုတွေ့ရမှာ ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) သည် ခေတ်ပြောင်း စနစ်ပြောင်းအတွက် သင့်တင့်မျှတကောင်းမွန်သည့် ဥပဒေတစ်ရပ်လို့ ဆိုနိုင်ပါသည်။ သို့သော် တရားသေဆုပ်ကိုင်ထားရန်တော့ မသင့်ပါ။ တိုးတက်မှုများအရ သင့်တင့်မျှတစွာ ပြင်ဆင်ဖို့တော့ လိုပါသည်။ မည်သို့ပြင်ဆင်သင့်ပါသနည်းဆိုလျှင် မြန်မာ့နိုင်ငံရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြသည့် Stakeholder များအနေဖြင့် စည်းလုံးညီညွတ်စွာ တိုင်ပင်ဆွေးနွေး ပြင်ဆင်သင့်သည်ဟု ဆိုချင်ပါသည်။ အထူးသဖြင့် တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားများအပါအဝင် နိုင်ငံရေးပါတီများသည် အဓိကကျပါလိမ့်မည်။

ထိုအခြေအနေအရပ်ရပ်ကို လက်ရှိနိုင်ငံတော်တာဝန်ကို ရယူထားသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ကောင်းစွာသိရှိနားလည်နေသည်ဟုမြင်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့်အချိန်မှာ ထုတ်ပြန်ခဲ့သည့် ဦးတည်ချက်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးဆွေးနွေးပွဲပြုလုပ်နေမှုများ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးဆွေးနွေးမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ပြင်ဆင်လိုသည့် အချက်အလက်များကို ပွင့်လင်းစွာ ဆွေးနွေးမှတ်တမ်းတင်ထားရှိမှုများကို ကြည့်လျှင် အနာဂတ်တွင် မြန်မာနိုင်ငံကို မည်သို့ပုံဖော်မည်ဆိုသည့် ရည်မှန်းချက်ကို တွေ့နိုင်ပါသည်။

## လွတ်လပ်၍ တရားမျှတမှုအပြည့်ဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေး

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်တာဝန်ယူခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ချမှတ်ထားသည့် အန္တိမ ရည်မှန်းချက်ဖြစ်သော ရွေးကောက်ပွဲတစ်ရပ် ပြန်လည်ကျင်းပနိုင်ရေးကို တစ်ဆင့်ပြီးတစ်ဆင့် အချိတ်အဆက်မိမိ ဆောင်ရွက်လာရာ ရုပ်လုံးပေါ်လာနေသည်ကို တွေ့ရပါသည်။ ကနဦးအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရရှိအောင် စီမံချက်ချဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲအပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် တိုင်းရင်းသားလူမျိုးအားလုံးပါဝင်နိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ အကြိမ်ကြိမ်ညှိနှိုင်းပြီး မဲများသူ အနိုင်ရသည့်စနစ် (FPTP) အစား စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ်(Closed List–PR) ဖြင့် ပေါင်းစပ်ကျင့်သုံးသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲတွင် ပါတီများစုံလင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပါတီများမှတ်ပုံတင်ခြင်း၊ ပါတီဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူများ မဲပေးရာမှာ အဆင်ပြေပြီး ပွင့်လင်းမြင်သာမှုရှိစေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)ဖြင့် မဲပေးသည့်စနစ် ဆောင်ရွက်ပေးခြင်း၊ ရွေးကောက်ပွဲအကြိုလုပ်ငန်းစဉ်အဖြစ် မဲစာရင်းများ ခိုင်လုံမှန်ကန်မှုရှိစေရေးလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး ပြင်ဆင်ဆောင်ရွက်ခြင်း၊ လွတ်လပ်၍ တရားမျှတမှုအပြည့်ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းများကို တွေ့ရပါသည်။

လာမည့်ရွေးကောက်ပွဲသည် အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးဆီသို့ချီတက်ရာ မုခ်ဦးတံခါးဝ တစ်ခုဟု ဆိုနိုင်ပါသည်။ ရွေးကောက်ပွဲအဝင်တံခါးကို ဖွင့်လှစ်ဝင်ရောက်ပြီး ပဋိပက္ခမှန်သမျှ နိုင်ငံရေးစားပွဲဝိုင်းများအပေါ်တွင် ဖြေရှင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ဖော်ဆောင်ကာ ညီညွတ်မှုကို တည်ဆောက်ရင်း အခြေခံကောင်းများကို မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ အစီစီအသင့်ရှိနေကြမည့်ပုံရိပ်ကို လှမ်းမျှော်ကြည့်နိုင်ပါသည်။ ယခုလာမည့် ရွေးကောက်ပွဲသည် အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုလမ်းမကြီးဆီသို့ ချိတ်ဆက်ပေးမည့် Entry Strategy ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မျှော်လင့်ချက်များ စုစည်းပေါင်းစုံရာ ပြည်ထောင်စုအိမ်ကြီး၏ ဝင်ပေါက်တစ်ခုဟုလည်း ဆိုနိုင်ပါသည်။ သို့ဖြစ်၍ ယခုကာလကတည်းက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများ နှင့်ပတ်သက်၍ နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံကို ဖွံ့ဖြိုးတိုးတက်လာစေရန် ရေတိုရေရှည်စီမံကိန်းများ ချမှတ်လုပ်ဆောင်၍ မရှိမဖြစ်လိုအပ်သည့် အခြေခံကောင်းများ အုတ်မြစ်ချပေးနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များက သက်သေပင် ဖြစ်ပါသည်။

## အခြေခံကောင်းများကို မူဝါဒချမှတ်ပြီး ဖွံ့ဖြိုးတိုးတက်နိုင်စေရန် ရေရှည်စီမံကိန်းအဖြစ် မူဝါဒချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိနေသည်ကို တွေ့ရမည်

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့်အခြေခံလုပ်ငန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများသာလျှင် ဖြစ်ပါသည်။ ဤအခြေခံစနစ် ဖွံ့ဖြိုးအောင်မြင်မှသာ နောက်တစ်ဆင့်ကို ရည်မှန်းရမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးကို အခြေမခံသည့် စက်မှုလုပ်ငန်းသည် မြန်မာနိုင်ငံအတွက် လက်တွေ့မကျသည့်လုပ်ငန်းဟု ဆိုရပေလိမ့်မည်။ မလုပ်ရဟုဆိုလိုခြင်း မဟုတ်ပါ။ အတူယှဉ်တွဲ လုပ်နိုင်သော်လည်း လက်တွေ့ကျသည့်အခွင့်အရေးသည် စိုက်ပျိုးမွေးမြူရေးနှင့် ထိုလုပ်ငန်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများနှင့် ယင်းနှင့်ဆက်စပ်သော ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်မည့် ခရီးသွားလုပ်ငန်းများသာဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဂျုံ၊ ကော်ဖီနှင့် ဆန်စပါးစသည့် စားသုံးသီးနှံသက်သက်တင်မဟုတ်ဘဲ ကြံ၊ ရော်ဘာ အစရှိသည့် စက်မှုကုန်ကြမ်းသီးနှံများသည်လည်း မြန်မာ့စီးပွားရေးအတွက် အခြေခံကောင်းများ ဖြစ်ပါသည်။ မွေးမြူရေးနှင့်ပတ်သက်ပြီး ပြည်ပသို့တင်ပို့နိုင်သည့် အေးခဲအသားများနှင့် စည်သွတ်ဘူးလုပ်ငန်းများသည်လည်း အခွင့်အရေးရှိသည့် အခြေခံကောင်းများဖြစ်ပါသည်။ ယခုအခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ထိုအခြေခံကောင်းများကို မူဝါဒချမှတ်ပြီး ဖွံ့ဖြိုးတိုးတက်နိုင်စေရန် ရေရှည်စီမံကိန်းအဖြစ် မူဝါဒချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ် ရွေးကောက်ပွဲကျင်းပပြီးလျှင် မူလအခြေအနေအတိုင်း အာဏာသုံးရပ်သည် အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် သီးခြားစီရပ်တည်ရတော့မှာဖြစ်ပါသည်။ အုပ်ချုပ်မှုအာဏာအတွက် စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများနှင့် လျှပ်စစ်စွမ်းအင်အတွက် အခြေခံကောင်းများ ချမှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ပေါ်ပေါက်လာမည့် လွှတ်တော်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြင်ဆင်သင့်သည့် အချက်အလက်များကိုလည်း ဆွေးနွေးညှိနှိုင်းထားပြီးဖြစ်သည့်အတွက် အလွယ်တကူ ပြင်ဆင်နိုင်မည့် အခြေအနေဖြစ်ပါသည်။ ထိုအခြေအနေအတိုင်း ဆက်လက်လျှောက်လှမ်းမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု နိုင်ငံတစ်နိုင်ငံအဖြစ် အေးချမ်းတည်ငြိမ်စွာ ဖြစ်တည်လာမှာမလွဲဟုဆိုရပေမည်။ ထိုခရီးကို ဆက်လက်ချီတက်ဖို့အတွက်ဆိုလျှင် ၂၀၂၅ ခုနှစ်ရွေးကောက်ပွဲသည် ထွက်ပေါက်တစ်ခုမဟုတ်ဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အန္တိမရည်မှန်းချက်ဖြင့် တည်ဆောက်ပေးသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ၏ နိဒါန်းအစနှင့် ဝင်ပေါက်တစ်ခုသာဖြစ်ပေသည်။ အနာဂတ်မြန်မာနိုင်ငံအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းရေးဆိုင်ရာ ငြိမ်းချမ်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆိုင်ရာဒေသအသီးသီးမှ ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမည်ဆိုလျှင် အနာဂတ်၏ ရွှေပြည်ခရီးသည် ဝေးမည်မထင်ပါ။ ။

**ယခုလာမည့် ရွေးကောက်ပွဲသည် အနာဂတ်မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုလမ်းမကြီးဆီသို့ ချိတ်ဆက်ပေးမည့် Entry Strategy ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မျှော်လင့်ချက်များ စုစည်းပေါင်းစုံရာ ပြည်ထောင်စုအိမ်ကြီး၏ ဝင်ပေါက်တစ်ခုဟုလည်း ဆိုနိုင်ပါသည်။ သို့ဖြစ်၍ ယခုကာလကတည်းက စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးများနှင့်ပတ်သက်၍ နိုင်ငံတော်၏ ဘက်စုံကဏ္ဍစုံကို ဖွံ့ဖြိုးတိုးတက်လာစေရန် ရေတိုရေရှည်စီမံကိန်းများ ချမှတ်လုပ်ဆောင်၍ မရှိမဖြစ်လိုအပ်သည့် အခြေခံကောင်းများ အုတ်မြစ်ချပေးနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်ချက်များက သက်သေပင်ဖြစ်**

# အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၆)ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၃)ကြိမ်မြောက် အထွေထွေညီလာခံသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့တက်ရောက်





**နေပြည်တော် ဇူလိုင် ၂၇**
မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (အငြိမ်းစား) ဦးဆောင်သော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံ Swissotel The Stamford ဟိုတယ်တွင် ဇူလိုင် ၂၅ ရက်က ကျင်းပပြုလုပ်သည့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၆) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ VECONAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် (၂၃)ကြိမ်မြောက် အထွေထွေညီလာခံသို့ တင်သွင်းမည့် ဆုံးဖြတ်ချက် (၈) ချက်ကို ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်းများဆောင်ရွက်၍ အတည်ပြုရန်ဆုံးဖြတ်ခဲ့ကြသည်။

**တက်ရောက်**

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ (၂၃) ကြိမ်မြောက် အထွေထွေညီလာခံကို ဇူလိုင် ၂၆ ရက်က ကျင်းပရာ အဆိုပါ အထွေထွေညီလာခံသို့ VECONAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး နိုင်ငံအလိုက် အစီရင်ခံစာတင်သွင်းခြင်းအစီအစဉ်တွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ အစီရင်ခံစာကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (အငြိမ်းစား) က ဖတ်ကြားတင်သွင်းဆွေးနွေးခဲ့သည်။

**ပူးတွဲကြေညာချက်လက်မှတ်ရေးထိုး**

အဆိုပါ အထွေထွေညီလာခံ၌ အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည့် ဆုံးဖြတ်ချက် (၈) ချက်အား အတည်ပြုကြပြီး VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်း ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ပူးတွဲကြေညာချက်တွင် လက်မှတ်ရေးထိုးမှတ်တမ်းတင်ခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၀)**

# မိုင်းယောင်းမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်အတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်မန်း ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၄၈၅ ဦး တို့ကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊



နယ်မြေခံ ဆေးကုသရေးအဖွဲ့က ဝမ်တုံ့ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဝါးပတောကျေးရွာအုပ်စု ဝါးပတောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၃၆ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၃၂ ပါးနှင့် ဒေသခံပြည်သူ ၁၅၈ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် မဟာခေမိကာရာမ သစ်ဆိမ့်ကျောင်းတိုက်ရှိသံဃာတော် အပါး ၈၀နှင့် ဒေသခံပြည်သူ ၇၃ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်၌လည်းကောင်း ယနေ့တွင် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူများအား နယ်မြေခံ တပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**
၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြား လျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့်စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေး လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အပါအဝင် မြို့နယ် လေးမြို့နယ်တို့ရှိ အခြေခံ ပညာကျောင်းများ၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အပါအဝင် မြို့နယ် သုံးမြို့နယ်တို့ရှိ အခြေခံ ပညာကျောင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့ရှိ အခြေခံ ပညာကျောင်းများ၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်း၌ လည်းကောင်း စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ထိုသို့ စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံ တပ်မတော်သားများက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ ပြည်သူများနှင့်အတူ စုပေါင်း ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၇**
နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဇလွန်မြို့နယ် အဗျဉ်းလယ်ဦးကျေးရွာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ကျေးလက်နေပြည်သူများ၏ တစ်မိသားစုချင်း ဝင်ငွေတိုးပွားစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး ဆောင်ရွက်ပေးမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးမှု၊ အသေးစား တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမအသင်း ရန်ပုံငွေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် လိုအပ်သည့်မတည်ရင်းနှီးငွေများ ပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ကျေးရွာတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၃၀၀ နှင့် ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ တို့ကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ပြီး **(အပေါ်ပုံ)** ကျေးရွာပိုင်မြေပေါ်၌ ခရေ၊ ကံ့ကော်၊ မန်ကျည်ရှား၊ ပိတောက်၊ ရေတမာ၊ ကျွန်း စသည့်နှစ်ရှည်ပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဆင-ဆုံကုန်း-ထန်းပင်ကန် ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစေရေး၊ လမ်းရေရှည်ကောင်းမွန်စေရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အင်္ဂပူမြို့ မြို့နယ်ခန်းမ၌ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများ၊ မိုးစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချရန်အတွက် ဆီထွက်သီးနှံ မြေပဲနှင့် နေကြာတိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ ဆီထွက်သီးနှံစိုက်ပျိုးသူများကို နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိမှု၊ အရည်အသွေးမီမျိုးများ ရရှိရေး ဆောင်ရွက်ပေးမည့် အစီအမံများ၊ လိုအပ်သောနည်းပညာနှင့် ဝန်ဆောင်မှုများပေးနေမှု၊ ချေးငွေများအား သတ်မှတ်ကာလအတွင်း အပြေအကြေပေးသွင်းရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ စသည့်မြို့နယ်သုံးမြို့နယ်ရှိ သမဝါယမအသင်း ၃၆ သင်း၏ စိုက်ဧက ၁၄၁၁ ဧကအတွက် ဆီထွက်သီးနှံ မိုးနေကြာစိုက်ပျိုးထုတ်လုပ်ရန် အရင်းမပျောက်မတည်ငွေများကို အသင်းသားတောင်သူများထံ လွှဲပြောင်းပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ညောင်တုန်းမြို့နယ် အုတ်ဖိုကျေးရွာသို့ ရောက်ရှိပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူး၍ သင်တန်းသူ ၂၀ ကို ဖွင့်လှစ်ပို့ချလျက်ရှိသော အခြေခံစက်ချုပ်နည်းပညာသင်တန်း သင်တန်းသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ သင်တန်းပြီးဆုံးပါက အမှန်တကယ်လုပ်ငန်း လုပ်ကိုင်လိုသူများကို လုပ်ငန်းသုံးပစ္စည်းများ မတည်ရင်းနှီးပေးမည်ဖြစ်ကြောင်း၊ ကျေးရွာများရှိ Grade-9 အောင်မြင်ပြီးသူများ ပုသိမ်မြို့ရှိ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများတွင် အခမဲ့တက်ရောက်နိုင်ကြောင်း၊ အဆိုပါသင်တန်းကျောင်း တက်ရောက်ပြီးပါက ထူးချွန်သူများအနေဖြင့် သမဝါယမကောလိပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ဆက်လက်ပေါင်းကူး တက်ရောက်နိုင်မည်ဖြစ်ကြောင်း ပြောကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးသုတေသီများနှင့် တောင်သူများပူးပေါင်း၍ ဆီထွက်သီးနှံမြေပဲမျိုးရွေးချယ်

**နေပြည်တော် ဇူလိုင် ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်သည် ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆီထွက်သီးနှံ သုတေသနစိုက်ကွင်းတွင် ကျင်းပသည့် တောင်သူများ ကိုယ်တိုင်ပါဝင် ဆောင်ရွက်သော မြေပဲမျိုးရွေးချယ်ပွဲသို့ တက်ရောက်အားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်သူဦးကြီးများနှင့် တွေ့ဆုံပြီး တောင်သူကြီးများ၏ တစ်နှစ်တာအတွင်း သီးနှံစိုက်ပျိုးမှုပုံစံများ၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုပုံစံများနှင့် အဓိကထားစိုက်ပျိုးသည့် ဆီထွက်သီးနှံများ၊ မြေပဲသီးနှံစိုက်ပျိုးမှုနှင့် သုံးစွဲလျက်ရှိသည့် မျိုးကွဲများ၊ စိုက်နည်းစနစ်၊ ဆီစားသုံးမှုပုံစံများကို မေးမြန်းဆွေးနွေးကာ အခြားသော အလားအလာကောင်းဆီထွက်သီးနှံများ စိုက်ပျိုးလုပ်ကိုင်နိုင်ရေး အခွင့်အလမ်းများ၊ လုပ်ကွက်ငယ် လယ်သမားများအနေဖြင့် ဈေးပိုရသော မျိုးမြေပဲထုတ်လုပ်ရေး လုပ်ငန်းကို ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်အထိ ဆောင်ရွက်ရန်လုပ်ငန်းများကို စက်စွမ်းအားပြည့်အသုံးပြုနိုင်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆီထွက်သီးနှံဌာနစု တာဝန်ခံဒေါက်တာခင်မျိုးဝင်းက မြေပဲမျိုးရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ပြသထားသည့် မျိုးများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တာဝန်ရှိသူများက မြေပဲမျိုး တစ်မျိုးချင်း၏ အရည်အချင်းလက္ခဏာများကို လည်းကောင်း ရှင်းလင်းပြသကြပြီး ပုဗ္ဗသီရိမြို့နယ် သာယာကုန်းကျေးရွာ မြေပဲစိုက်တောင်သူတစ်ဦးက ရေဆင်း-၁၁ မျိုးနှင့် ရေဆင်း-၁၆ မျိုးနှစ်မျိုး၏ စိုက်ပျိုးခဲ့မှု အတွေ့အကြုံအပေါ် နှိုင်းယှဉ်သုံးသပ်ချက်အရ ရေဆင်း - ၁၆ မျိုးစိုက်ခင်းမှ တစ်ဧက တင်း ၂၀ ဝန်းကျင်ခန့် ပိုမိုထွက်ရှိကြောင်းနှင့် ရောဂါဒဏ်၊ ရေငတ်ဒဏ် ပိုမိုခံနိုင်ရည်ရှိကြောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ကံလှကျေးရွာအုပ်စုနှင့် ပုဗ္ဗသီရိမြို့နယ် သာယာကုန်းကျေးရွာတို့မှ တောင်သူများသည် မျိုးရွေးချယ်ပွဲတွင် ရွေးချယ်ရမည့် အထွက်နှုန်း မြင့်မားသော မျိုးသစ်များဖြစ်သည့် ဆင်းပဒေသာ -၁၁၊ ဆင်းပဒေသာ - ၁၄၊ ဆင်းပဒေသာ- ၁၅၊ ဆင်းပဒေသာ - ၁၆၊ မကွေး-၁၆၊ YZG-12008၊ တွင်းတာနီ(မကွေး)၊ စွန်တာနီ(လယ်ဝေး)၊ ဗီယက်နမ်(မကွေး)၊ ဗီယက်နမ်(လယ်ဝေး)၊ SP-121၊ SPR (လယ်ဝေး) စသည့်မျိုးများထဲမှ မိမိတို့ ကြိုက်နှစ်သက်သည့် မျိုးများကို တောင်သူတစ်ဦးချင်းဆီက မဲပေးရွေးချယ်ခဲ့ကြရာ ဆင်းပဒေသာ - ၁၁ မျိုးကို တောင်သူအများဆုံး အကြိုက်နှစ်သက်ဆုံးမျိုးအဖြစ်ရွေးချယ်ခဲ့ကြပြီး ဒုတိယအကြိုက်နှစ်သက်ဆုံး မျိုးအဖြစ် ဆင်းပဒေသာ-၁၆ နှင့် YZG -12008 (ဆင်းပဒေသာ - ၁၇) မျိုးများကို ရွေးချယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဖျာပုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric စာရင်းရေးသွင်း လျှောက်လွှာပုံစံများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး



**ဖျာပုံ ဇူလိုင် ၂၇**

ဖျာပုံမြို့နယ် သမိန်ထောကုန်းတန်းကျေးရွာ အ-ထ-က(သမိန်ထော) ကျောင်း၌ ပန်းခင်းစီမံချက် (၃) အဖြစ် ဇူလိုင် ၂၇ ရက်က ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric စာရင်းရေးသွင်း လျှောက်လွှာပုံစံများ နေ့ချင်းပြီး ကွင်းဆင်း ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဖျာပုံ ခရိုင်ဦးစီးမှူး ဦးသန့်ဇင်က နိုင်ငံသား စိစစ်ရေးကတ်များနှင့် Biometric စာရင်း ရေးသွင်း လျှောက်လွှာပုံစံများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး နိုင်ငံသား စိစစ်ရေးကတ်များ ပေးအပ်ရာ အ-ထ-က (သမိန်ထော) ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်ဦးက လက်ခံရယူသည်။ (ဝဲပုံ)

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်များ လက်ဝယ်အရောက် လိုက်လံပေးအပ်ပြီး အ-ထ-က (သမိန်ထော)ကျောင်းမှ ပညာရေးဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၀ ကျော်ကို နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ပြီး Biometric စာရင်း ရေးသွင်း လျှောက်လွှာပုံစံများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၇**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

**မိုး/ဇလ**

## မုံရွာမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး ရှစ်တိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်းများ လောင်းလှူပွဲကျင်းပ



**မုံရွာ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး ရှစ်တိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ အရာထမ်း၊ အမှုထမ်းများက ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်းများ၊ သစ်သီးနှင့် အချိုပွဲများ လောင်းလှူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သံဃာတော်များအား စနစ်တကျ ဆွမ်းနှင့်ဆွမ်းဟင်းများ၊ သစ်သီးနှင့်အချိုပွဲများ လောင်းလှူနေမှုများကို လိုက်လံကြည့်ရှုကြပြီး ဆွမ်းလောင်းလှူကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဆွမ်းနှင့်ဆွမ်းဟင်း လောင်းလှူပွဲအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရှိ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များက လစဉ် လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၂၇**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေးနှင့် လူအများ ဝင်/ထွက်သွားလာရာနေရာများအား သန့်ရှင်းသပ်ရပ်မှုရှိစေရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီက မြစ်ကြီးနားမြို့ပေါ်ရှိ စေတီပုထိုးများနှင့် အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဦးစွာ မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်အတွင်းရှိ အောင်ဇေရန်အောင် ဘုရာဝင်းအတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အောက်ရှိ တပ်ရင်း/တပ်ဖွဲ့များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးအဖွဲ့ အရာထမ်း၊ အမှုထမ်းများ၊ လူမှုအသင်းအဖွဲ့များ စုပေါင်း၍ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ အမှိုက်များ ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်နန်းရိပ်သာရပ်ကွက်အတွင်းရှိ အမှတ်(၁၅)အခြေခံပညာ မူလတန်းကျောင်းဝင်း အတွင်း စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းဝင်းရှေ့မျက်နှာစာမြေကွက်လပ်တွင် အားကစားလေ့ကျင့်ရေးပစ္စည်းများ တပ်ဆင်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ထိုမှတစ်ဆင့် သီတာရပ်ကွက်အတွင်းရှိ အမှတ် (၅)အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းဝင်းအတွင်း ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျောင်းအုပ်၊ သင်ကြားရေး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ သန့်ရှင်းရေး လုပ်အားပေးသူများအတွက် မုန့်နှင့် အချိုရည်ဘူးများကို လိုက်လံဝေငှကျွေးမွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ကမ်းနားလမ်းသို့ သွားရောက်ပြီး မြစ်ရေမြင့်တက်မှုကြောင့် စိုက်ပျိုးထားသည့် ကမ်းထိန်းသစ်ပင်များ ပြန်လည်ရှင်သန်နေမှုအခြေအနေများနှင့် ထပ်မံအစားထိုးစိုက်ပျိုးထားရှိမှုအခြေအနေများကိုလည်းကောင်း (ဝဲပုံ)၊ ကမ်းနားလမ်းတစ်လျှောက် We Love Myitkyina ဆိုင်းဘုတ်အနီး ပန်းခြံငယ်နှင့် ဧရာဝတီမြစ်ကမ်းဘေးတို့တွင် အပန်းဖြေအနားယူနေသော ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြပြီး ကမ်းနားလမ်းသန့်ရှင်းမှုရှိစေရေး အားလုံးက ပူးပေါင်းဆောင်ရွက်ကြရေးနှင့် စတီးလက်ရန်းအသစ်များ ပြောင်းလဲတပ်ဆင်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၇**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ် နံနက်(၆:၀၀)နာရီမှစပြီး၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုး ကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစပြီး နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက်(၆:၀၀)နာရီမှ (၈:၀၀) နာရီအထိ ' ဝ ' ဘာသာအစီအစဉ် နံနက်(၈:၀၀)နာရီ မှ (၁၀:၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀)နာရီမှ နံနက်(၁၂:၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၃:၀၀)နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃:၀၀)နာရီမှ ညနေ(၁၄:၀၀) နာရီအထိ အနောက်ပိုးကရင် ဘာသာအစီအစဉ်၊ ညနေ(၁၄:၀၀)နာရီမှ ညနေ(၁၅:၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ(၁၅:၀၀)နာရီမှ (၁၆:၀၀)နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ညနေ(၁၆:၀၀)နာရီမှ ည(၁၇:၀၀) နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ည(၁၇:၀၀) နာရီ မှ (၁၉:၀၀)နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ည(၁၉:၀၀)နာရီ မှ (၂၁:၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည(၂၁:၀၀)နာရီမှ ၂၃:၀၀) နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

## သံတောင်ကြီးမြို့၌ မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြေပြိုမှုဖြစ်ပွား

**သံတောင်ကြီး ဇူလိုင် ၂၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့ တောင်ပေါ်ဒေသမြို့၌ ဇူလိုင် ၂၅ ရက်မှ စတင်ကာ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ယမန်နေ့ ညပိုင်းတွင် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

မြေပြိုမှုများကြောင့် သံတောင်ကြီးမြို့ အမှတ် (၁) ရပ်ကွက်၌ နေအိမ်တစ်လုံး၊ အမှတ် (၃) ရပ်ကွက်၌နေအိမ်တစ်လုံး၊ အမှတ် (၄)ရပ်ကွက်၌ နေအိမ်တစ်လုံး၊ အမှတ်(၂)ရပ်ကွက်၌ နေအိမ်တစ်လုံးနှင့် အမှတ်(၄)ရပ်ကွက်၌ နေအိမ်တစ်လုံး ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည်။



ထို့ပြင် မိုးသည်းထန်စွာ ဆက်လက်ရွာ သွန်းမှုကြောင့် သံတောင်ကြီးမြို့ ရပ်ကွက်(၂) ကားလမ်းဘေးနှင့် သံတောင်ကြီး-တောင်ငူ ကားလမ်းတချို့နေရာများတွင် မြေပြိုမှုများဖြစ်ပွားခဲ့သည်။

အဆိုပါ မြေပြိုမှုများကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် အများပြည်သူများက ရှင်းလင်းရေးများ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နော်နော်မူ**

○ *ကျောဖုံးမှ*

တစ်လုံးတည်းသောဂိုးဖြင့် ဒုတိယမြောက်နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးကို ၂၅ မိနစ်တွင် ဟိန်းထက်ငြိမ်းက သွင်းယူခဲ့သည်။

ဧရာဝတီအသင်းမှာမူ လေးပွဲဆက်တိုက်နိုင်ပွဲပျောက်ခဲ့ပြီး လေးပွဲကစားရာတွင် တစ်မှတ်သာရရှိသေးသည်။ အား/ကာသိပ္ပံအသင်းသည် လေးပွဲကစား ခြောက်မှတ်ရရှိထားသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်း နောက်ခံလူ ဟိန်းထက်ငြိမ်းက ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် သွင်းယူသည့် ပယ်နယ်တီဂိုးဖြင့် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်အသားပေးကစားသော်လည်း အဆုံးသတ်အားနည်းသဖြင့် ပထမပိုင်းတွင် ဂိုးမရဘဲ ၅၈ မိနစ်မှ ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ဂိုးရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းရရှိသည့် ပယ်နယ်တီကို တိုက်စစ်မှူး ရန်ကျော်ထွေးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ကျော်ဖြိုးဝေက ရရှိသည်။

ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက လေးပွဲကစား ၁၀ မှတ်၊ မဟာယူနိုက်တက်အသင်းက လေးပွဲကစား ခြောက်မှတ် ရရှိထားသည်။

### ယှဉ်ပြိုင်ကစားမည်

ပွဲစဉ် (၃) တတိယနေ့ကို ဇူလိုင် ၂၈ ရက် **(ယနေ့)** သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊**
**ဓာတ်ပုံ–MNL**

# ညောင်လေးပင်မြို့နယ်၌ စစ်တောင်းမြစ်ကမ်းပါးအနည်းငယ်ပြိုကျ၊ လျှပ်စစ်ဓာတ်အားလိုင်း ထိခိုက်ပျက်စီး

ညောင်လေးပင် ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ အနိမ့်ပိုင်းနေရာများ ရေလွှမ်းမိုးခြင်း၊ စစ်တောင်းမြစ်ကမ်းပါးနေရာအချို့ပြိုကျခြင်း၊ လျှပ်စစ်မီးဓာတ်တိုင်များ ထိခိုက်ပျက်စီးကြောင်း သိရသည်။ ဇူလိုင် ၂၅ ရက်မှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ညောင်လေးပင်မြို့ပေါ်ရှိ ရပ်ကွက်ငါးခုနှင့် မဒေါက်မြို့အပါအဝင် မဒေါက်မြို့အနီး စစ်တောင်းမြစ်ကမ်းပါးအနီးရှိကျေးရွာများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ရေကြီးမှုကြောင့် ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့အနီး ရွှေကျင်မြို့နယ် ဆုံကုန်းကျေးရွာ၌ စစ်တောင်းမြစ်ကမ်းပါး အနည်းငယ်ပြိုကျခြင်းနှင့် ဆုံကုန်းကျေးရွာနှင့် တာဦးကျေးရွာကို ဆက်သွယ်ထားသော ၁၁ ကေဗွီ စစ်တောင်းမြစ်ကူး ဓာတ်အားလိုင်းနှင့် ဓာတ်တိုင်များ ကျိုးကျပျက်စီးခဲ့သည်။ အဆိုပါ လျှပ်စစ်ဓာတ်အားလိုင်း ပျက်စီးမှုကြောင့် တာဦးကျေးရွာ၊ ရေပေါ်သောင်ကျေးရွာ၊ ဇောဓိကုန်းကျေးရွာ၊ ပြည်ကိုယ်တော်ကျေးရွာ၊ သောင်းကြီးကျေးရွာများ၌ လျှပ်စစ်မီးများ ပြတ်တောက်လျက်ရှိကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)







## ဘားအံမြို့နယ်ရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်း ကိုးခု၌ လူဦးရေ ၅၃၀၀ ကျော် ခိုလှုံနေရ

ဘားအံ ဇူလိုင် ၂၇

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဇူလိုင် ၂၇ ရက်အထိ ယာယီရေဘေးကယ်ဆယ်ရေးစခန်း ကိုးခုဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စု ၁၁၃၄ စု၊ အမျိုးသား ၂၅၄၄ ဦး၊ အမျိုးသမီး ၂၇၆၉ ဦး စုစုပေါင်း လူဦးရေ ၅၃၁၃ ဦး ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ဘားအံမြို့၌ သံလွင်မြစ်ရေကြီးမှုကြောင့် နေအိမ်များ ရေနစ်မြုပ်မှုဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအား ရေဘေးကယ်ဆယ်ရေးစခန်းများဖြစ်သည့် မိုးလုံလေလုံအားကစားရုံ၊ ကြားတောရဘုန်းတော်ကြီးကျောင်း၊ အ-ထ-က(၁) မြကြေးမုံဆောင်၊ ရွှေယဉ်မျှော်ဘုရား၊ အစ္စလာမ် ပရဟိတကျောင်း၊ အ-ထ-က(၃)အားကစားခန်းမ၊ အ-ထ-က(ခွဲ-၃)ကျောင်း၊ အ-မ-က (၇)နှင့် ပြည်နယ်ကမ္မဋ္ဌာန်းကျောင်းနေရာများသို့ ပြောင်းရွှေ့နေရာချထားလျက်ရှိကာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဒေသခံတိုင်းရင်းသားများမှ ဆန်၊ ဆီနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တနင်္သာရီမြစ်ရေကြီးသဖြင့် အခြေခံပညာကျောင်းငါးကျောင်း ယာယီပိတ်

တနင်္သာရီ ဇူလိုင် ၂၇



တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့၌ ဇူလိုင်လ ပထမပတ်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းနေမှုကြောင့် တနင်္သာရီမြစ်ရေကြီးမှုကြောင့် ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီမှစ၍ တနင်္သာရီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းငါးကျောင်း ယာယီပိတ်ထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

တနင်္သာရီမြစ်ရေ ကြီးမှုကြောင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၇၃ ဦး တက်ရောက်နေသည့် ဘန်းသဲကျေးရွာ မူလွန်ကျောင်း၊ မြန်မာအင်းတော်ကျေးရွာ မူလတန်းကျောင်း၊ ကျောက်မိကျောင်းကျေးရွာ မူလတန်းကျောင်း၊ မြေမအုံကျေးရွာ မူလတန်းကျောင်းနှင့် ထုံနွယ်ကျေးရွာ မူလတန်းကျောင်းတို့ ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)




## မိုးညိုမြို့နယ် ယာယီရေဘေးရှောင်စခန်းများရှိ ပြည်သူများအား ထောက်ပံ့

မိုးညို ဇူလိုင် ၂၇

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ရှိယာယီရေဘေးရှောင်စခန်းများရှိ ပြည်သူများထံ ဇူလိုင် ၂၆ ရက်က ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်ကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် အဖွဲ့ဝင်များသည် ယာယီရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် ရွှေခဲကျေးရွာ စာသင်ကျောင်းနှင့် ထိန်တောကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်တို့ရှိ ရေဘေးရှောင်ပြည်သူများအတွက် ဆန်လေးအိတ်၊ ဆီ ၁၀ ပိဿာ၊ ကြက်ဥအလုံး ၁၈၀၊ ခေါက်ဆွဲခြောက် နှစ်ဖာနှင့် မုန့်မျိုးစုံ လေးပါကင်ကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရွှေခဲကျေးရွာရှိ ကမ်းပြိုပြောင်းရွှေ့နေအိမ် ရှစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ရှစ်သိန်း၊ အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၃၆ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာဖိုး ငွေကျပ် ၇၅၆၀၀၊ ရေဝင်ပြောင်းရွှေ့ အိမ်ထောင်စု ၁၈ စု၊ လူဦးရေ ၃၇ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာဖိုးငွေကျပ် ၇၇၇၀၀ စုစုပေါင်း ကျပ် ၉၅၃၃၀၀ ကိုလည်းကောင်း၊ ထိန်တောကျေးရွာ ရေဘေးရှောင်စခန်းရှိ ရေဝင်ပြောင်းရွှေ့ အိမ်ထောင်စု ၂၁ စု၊ လူဦးရေ ၇၁ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာဖိုး ငွေကျပ် ၁၄၉၁၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။



အဆိုပါ ယာယီရေဘေးရှောင်စခန်းများတွင် နေထိုင်သည့် ပြည်သူများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်အတွင်း သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေးအတွက် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ ဆရာမများက ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်ရှိ ဆင်သေချောင်းတံတား (ကျောက်ချက်)သို့ရောက်ရှိပြီး ချောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ကံလှကျေးရွာအုပ်စု မဲအင်းကျေးရွာ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ အထူးဇုန် မိုးမြေပဲစိုက်ခင်းသို့ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံကာ သွင်းအားစုဓာတ်မြေဩဇာများကို ပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တောင်သူများက လိုအပ်ချက်များကိုတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံအထူးဇုန် မိုးမြေပဲစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင် ရပ်ကွက် နယ်မြေ(၂)ရှိ ရွှေအိုးစည်ဆီစက်သို့ရောက်ရှိပြီး ဆီစက်လုပ်ငန်းလည်ပတ်နေမှုကို ကြည့်ရှုအားပေးပြီး (ဝဲပုံ) လိုအပ်သည်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် အတွင်းရှိ မြို့နယ်သြဝါဒါစရိယ၊ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တနေမိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်း၍ တိုက်အုပ် စာချနာယကဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တပညာသာမိထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဝါတွင်းကာလ ဝါဆို၊ ဝါကပ်ကြမည့် သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(မြန်/ဆက်)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

ဘားအံ ဇူလိုင် ၂၇

ကရင်ပြည်နယ် ဘားအံမြို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေ၊ ချောင်းရေများ မြင့်တက်လာပြီး အနိမ့်ပိုင်း လူနေရပ်ကွက်များအတွင်းသို့ ရေများဝင်ရောက်လာကာ ဆက်လက်နေထိုင်ရန်မသင့်တော်တော့သည့်အတွက် ယာယီ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ပြောင်းရွှေ့နေရာချထားပေးခဲ့ရာ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး၍ စားသောက်ကုန်ပစ္စည်းများနှင့် ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ မိုးလုံလေလုံအားကစားခန်းမအတွင်း ယာယီပြောင်းရွှေ့နေရာချထားပေးသော ရေဘေးသင့် အိမ်ထောင်စုများနှင့် သွားရောက်တွေ့ဆုံပြီး အိမ်ထောင်စု ၃၂၁ စု၊ လူဦးရေ ၁၄၉၉ ဦး အတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့ကထောက်ပံ့သော ဆန် ၈၃ အိတ်၊ ဆီ ၁၆၀ ပိဿာ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀၄၉၃ လုံး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေကျပ် ၃၀၅၉၇၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အုန်းမှတ်စိန်လမ်းတွင် ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ဘေးလွတ်ရာယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးမှု အခြေအနေများကို သွားရောက်ကြည့်ရှု အားပေးပြီး သံလွင်မြစ်ရေသည် ယနေ့ တိုင်းတာချက်များအရ ဘားအံမြို့၏ စိုးရိမ်ရေမှတ် (၇၅၀ စင်တီမီတာ) အထက် ၉၆ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနေရာ ဘားအံမြို့နယ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၄ ခု၊ လှိုင်းဘွဲ့မြို့နယ်တွင် ခြောက်ခု၊ စုစုပေါင်းရေဘေး ကယ်ဆယ်ရေး စခန်းပေါင်း ၂၀ တို့ကို ဖွင့်လှစ်ထားရှိကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သံလွင်မြစ်ရေနှင့်မိုးရေများစီးဝင်နေသော အနိမ့်ပိုင်းရပ်ကွက်များကို စက်တပ်လှေများဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကာတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ပဒုမ္မာလမ်းရှိ မိုးလုံလေလုံ အားကစားခန်းမ ယာယီ ရေဘေးကယ်ဆယ်ရေး စခန်း၌ ပြောင်းရွှေ့နေထိုင်သော ရေဘေးသင့်အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၆၈၁ ဦးတို့အား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားကာ ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန် ၄၉ အိတ်၊ ဆီ ၇၅ ပိဿာ၊ ကြက်ဥ ၄၇၆၇ လုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေကျပ် ၁၄၃၀၁၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် ရွှေယဉ်မျှော်ပြည်တော်ဇေတဝန်တော် ယာယီ ကယ်ဆယ်ရေးစခန်းတွင် ပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၁၆၃ စု၊ လူဦးရေ ၈၂၄ ဦးတို့ကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်အိတ် ၆၀၊ ဆီ ၈၁ ပိဿာ ၅၀ ကျပ်သား၊ ကြက်ဥ ၅၇၆၈ လုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့သော ဆန်ရိက္ခာဖိုးငွေကျပ် ၆၄၈၉၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့လည်း ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၁)အဆင့်မြင့် ရေပေါ်ပျံကျစျေးတွင် ရေများဝင်ရောက်လာသည့်အတွက် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းသို့ ယာယီပြောင်းရွှေ့ ဖွင့်လှစ်ထားသော ပျံကျစျေးတွင် စျေးသူ စျေးသားများနှင့် မြို့သူမြို့သားများ၏ ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ကမ်းနားလမ်းတွင် သံလွင်မြစ်ရေမြင့်တက်လာသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

# ဂါဇာအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ လာမည့်သီတင်းပတ်တွင် ရောမမြို့၌ ပြုလုပ်သွားဖွယ်ရှိ


အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု

**ဂါဇာ ဇူလိုင် ၂၇**

လာမည့်သီတင်းပတ်အတွင်း ရောမမြို့သို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်သွားရန်ရှိသည်ဟု အစ္စရေးတို့က ပြောသည်။ ရောမမြို့တွင် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးပွဲပြုလုပ်သွားမည်ဟု မျှော်လင့်ရသည်။

အမေရိကန်ဗဟိုထောက်လှမ်းရေး အေဂျင်စီမှ အကြီးအကဲသည်လည်း ဆွေးနွေးပွဲပြုလုပ်ရန် အီတလီနိုင်ငံမြို့တော်သို့ ထွက်ခွာလာသည်။ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးတို့အတွက် ဟားမားစ်တို့နှင့်ဆွေးနွေးညှိနှိုင်းရန် အစ္စရေးကိုယ်စားလှယ်အဖွဲ့ကို လာမည့်သီတင်းပတ်အတွင်း စေလွှတ်သွားမည်ဟု ဇူလိုင် ၂၆ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောသည်။

စီအိုင်အေ ညွှန်ကြားရေးမှူး ဘေးဘန်းစ်သည် အစ္စရေးအစိုးရအရာရှိကြီးများ၊ ကြားဝင်စေ့စပ်ပေးနေသည့် နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရန် မျှော်လင့်ထားသည်။ ရပ်တန့်နေသည့် စေ့စပ်ညှိနှိုင်းမှုများတွင် တိုးတက်လာသည့် လက္ခဏာများ ဖြစ်ပေါ်လာရန် လေ့လာသူများက မျှော်လင့်လျက်ရှိသည်။

ထိုစဉ် အစ္စရေးတပ်မတော်သည် ဇူလိုင် ၂၇ ရက်က ဂါဇာတွင် နောက်ထပ်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ တောင်ပိုင်းမြို့ဖြစ်သည့်ရာဖာ၌ နေထိုင်သူငါးဦးအသက်ဆုံးရှုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

ဂါဇာတောင်ပိုင်း ခန်းယူနစ်မြို့ရှိ ဒေသခံများ ယာယီဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် အစ္စရေးတပ်မတော်က ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**



# ပြင်သစ်ရထားကွန်ရက်အဖျက်အမှောင့်လုပ်ရပ်က စနစ်တကျစီစဉ်ထားသော ရာဇဝတ်မှုဖြစ်နိုင်ဟုဆို

**ပါရီ ဇူလိုင် ၂၇**

ပြင်သစ် အာဏာပိုင်များသည် မြန်နှုန်းမြင့်ရထားကို ပစ်မှတ်ထားသောအဖျက်အမှောင့်လုပ်ရပ်များအတွက် သောကြာနေ့နံနက်အစောပိုင်းတွင် စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ရပ်များမှာ စနစ်တကျ စီစဉ်ထားသော ရာဇဝတ်မှုနှင့် ဆက်နွှယ်မှုရှိနိုင်ကြောင်း ၎င်းတို့က ပြောသည်။ အဖျက်အမှောင့် လုပ်ဆောင်သူများသည် နိုင်ငံ၏ မြောက်ပိုင်းလိုင်းလီ၊ အနောက်ပိုင်း ဘော်ဒိုးနှင့် အရှေ့ပိုင်း စထရာဘော့ဂ်တို့ကဲ့သို့ သောမြို့များနှင့် ပါရီမြို့ကို ဆက်သွယ်ထားသော ရထားလမ်းတစ်လျှောက်တွင် အချက်ပြသေတ္တာများကို ဖျက်ဆီးခဲ့ကြောင်း နိုင်ငံပိုင် ရထားလုပ်ငန်းတာဝန်ရှိသူများက ပြောသည်။

ယင်း အဖျက်အမှောင့်လုပ်ရပ်များက မြို့တော်မှ အခြားပြင်သစ်မြို့တွင်းနှင့် ဥရောပတို့သို့ ဆက်သွယ်ပြေးဆွဲနေသော TGV ရထားကွန်ရက် အသုံးပြုသွားလာမှုကို ထိခိုက်စေသည်။ ထို့ပြင် ပရိသတ်များနှင့် အားကစားသမားအချို့ပင် ပါရီမြို့တွင် ပြုလုပ်သည့် နွေရာသီ အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို လွဲချော်ခဲ့ကြောင်း သိရသည်။

တနင်္လာနေ့အထိ ရထားဝန်ဆောင်မှုများ ကြန့်ကြာနိုင်ပြီး ခရီးသည်ပေါင်း ရှစ်သိန်း ထိခိုက်ဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်၌ ပထမနှစ်ဝက်အတွင်း ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံကျော် တန်ဖိုးရှိ ကုန်ပစ္စည်းများ ကုန်သွယ်မှုပြုလုပ်

**ကဘူးလ် ဇူလိုင် ၂၇**

အာဖဂန်နစ္စတန်နိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၄ ဘီလီယံတန်ဖိုးရှိ ပို့ကုန်နှင့် သွင်းကုန်ပစ္စည်းများကို ကုန်သွယ်မှုပြုလုပ်ခဲ့ကြောင်း နိုင်ငံ၏ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် ယခုနှစ် ပထမခြောက်လအတွင်း ဗဟိုအာရှနိုင်ငံများသို့ ပို့ကုန်တန်ဖိုး ၅၈ သန်းနှင့် နိုင်ငံအသီးသီးသို့ သန်း ၇၀၀ နီးပါးကုန်ပစ္စည်းများ ကုန်သွယ်နိုင်ခဲ့ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အာခွန်းဇာဒါ အက်ဒယ်ဆလမ်ဂျဝ့်ါက ပြောကြားသည်။

အာဖဂန်ထုတ်ကုန်များကို အများအားဖြင့် ပါကစ္စတန်၊ အိန္ဒိယနှင့် အီရန်နိုင်ငံတို့သို့ တင်ပို့ခဲ့ပြီး သွင်းကုန်၏ အဓိကအရင်းအမြစ်များမှာ အီရန်၊ ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့ဖြစ်ကြောင်း နိုင်ငံ၏ အမျိုးသားစာရင်းအင်းနှင့် သတင်းအချက်အလက် အာဏာပိုင်အဖွဲ့က ဇူလိုင်လအတွင်းက ထုတ်ပြန်ထားသည်။

အာဖဂန်နစ္စတန်နိုင်ငံမှ တင်ပို့ရန်အတွက် လူကြိုက်အများဆုံး ထုတ်ကုန်များမှာ ပီစတာချီယို၊ ထင်းရှူးစေ့၊ ကတွတ်သီး၊ သလဲသီး၊ စပျစ်သီး၊ စပျစ်သီးခြောက်၊ သခွားသီးနှင့် ဖရဲသီး တို့အပါအဝင် လတ်ဆတ်ပြီး ခြောက်သွေ့သည့်အသီးအနှံများဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



# အီရတ်နိုင်ငံမြောက်ပိုင်း၌ ပီကေကေစစ်သွေးကြွများကို တူကီယဲလေကြောင်းတိုက်ခိုက်

**အန်ကာရာ ဇူလိုင် ၂၇**

တူကီယဲတပ်ဖွဲ့သည် အီရတ်နိုင်ငံ မြောက်ပိုင်း၌ ဇူလိုင် ၂၆ ရက်က နယ်စပ်ဖြတ်ကျော်စစ်ဆင်ရေးအတွင်း လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ ကာဒစ်စတန်အလုပ်သမားပါတီ(ပီကေကေ)၏ ပစ်မှတ် ၂၅ ခုကို ဖျက်ဆီးနိုင်ခဲ့ကြောင်း နိုင်ငံ၏ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။



အီရတ်နိုင်ငံ မြောက်ပိုင်း ဂါရာ၊ ခါဒယ်နှင့် အေစော့စ်ဒေသတို့တွင်ပီကေကေများအသုံးပြုသည့် လိုဏ်ဂူများ၊ အမိုးအကာများ၊ ဖုံးခိုကျင်းများ၊ ဂိုဒေါင်များနှင့် အခြားအဆောက်အအုံများ အပါအဝင် ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

တူကီယဲလုံခြုံရေးတပ်ဖွဲ့သည် ပီကေကေစစ်သွေးကြွများ ပုန်းခိုရာဒေသများနှင့် အခြေစိုက်စခန်းများပြုလုပ်ထားသည့် အီရတ်နိုင်ငံမြောက်ပိုင်း၌ နယ်စပ်ဖြတ်ကျော်စစ်ဆင်ရေးများကို မကြာခဏပြုလုပ်လေ့ရှိကြောင်း သိရသည်။ တူကီယဲ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် ပီကေကေသည် ဆယ်စုနှစ်သုံးစုကျော် တူကီယဲအစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်တွင် ဂက်စ်တိုင်ကီ ပေါက်ကွဲမှုဖြစ်ပွားရာ ၂၃ ဦး ဒဏ်ရာရ

**မနီလာ ဇူလိုင် ၂၇**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ အရှေ့တောင်ဘက်ပိုင်းအယ်လ်ဘေးပြည်နယ်ရှိ စီးပွားရေးအဆောက်အအုံ တစ်ခုအတွင်း ဂက်စ် တိုင်ကီ ပေါက်ကွဲမှုဖြစ်ပွားရာ ၂၃ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ကုန်တိုက်အတွင်း အသစ်ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်အတွက် ဘာသာရေးဆိုင်ရာ အခမ်းအနားတစ်ခုပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းသည်ဟု လီဂတ်စ်ပီမြို့ ရဲတပ်ဖွဲ့က လူမှုကွန်ရက်မီဒီယာတွင် ဖော်ပြခဲ့သည်။ အဆိုပါဖြစ်ရပ်ကြောင့် လူများစွာ ဒဏ်ရာရရှိခဲ့သည်ဟုလည်း သိရသည်။ ဒဏ်ရာရရှိသူဦးရေမှာ ၂၃ ဦး အထိရှိနိုင်သည်ဟု ရဲအရာရှိတစ်ဦးက ဆင်ဟွာသို့ပြောသည်။

ဒဏ်ရာ ရရှိသူများထဲတွင် အသက် ၇၁ နှစ်အရွယ် ဘုန်းကြီးတစ်ပါးလည်း ပါဝင်ခဲ့ကြောင်း ခရိုင်အတွင်းရှိ ဒေသဆိုင်ရာ ရေဒီယိုအသံလွှင့်ဌာန၏ ပြောကြားချက်အရ သိရသည်။ ဒဏ်ရာရရှိသူများကို ဒေသတွင်းဆေးရုံသို့ ပို့ဆောင်ထားကြောင်း ရဲတပ်ဖွဲ့နှင့် ပြည်နယ်မီဒီယာများက ပြောသည်။

**ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကွမ်းခြံကုန်းမြို့နယ် လေဆင်နှာမောင်းတိုက်ခတ်သည့်နေရာသို့ ကွင်းဆင်းကြည့်ရှုပြီး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်



ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ်ခံရသည့် ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှု၍ လေဘေးသင့်ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။(ယာပုံ)

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ဇူလိုင် ၂၅ ရက် နံနက် ၃ နာရီခွဲက လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ခဲ့ရသည့် ကွမ်းခြံကုန်းမြို့နယ် ကညင်ကုန်းကျေးရွာနှင့် ညောင်နီကုန်းကျေးရွာများမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ယနေ့ နံနက်ပိုင်းက ယာယီကွပ်ကဲရေးရုံး ဖွင့်လှစ်ထားရှိသည့် ကညင်ကုန်းကျေးရွာ စာကြည့်တိုက်တွင် တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများသည် ကညင်ကုန်းကျေးရွာ ဘုရားကြီးဘုန်းတော်ကြီးကျောင်းတွင် လေဘေးသင့်အိမ်ထောင်စုများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး အလှူရှင်တစ်ဦး၏ ၂၄ ပြည်ပါဆန်အိတ် ငါးအိတ်လှူဒါန်းမှုကို လက်ခံပေးကာ လေဘေးသင့်အိမ်ထောင်စုများအား နေ့လယ်စာထမင်းဘူးများကို ဝေငှပေးကြပြီး ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီးလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများသည် ကျေးရွာများအတွင်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ၊ ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့များက ရွာအတွင်းသစ်ပင်၊ သစ်ကိုင်းများကြောင့် လမ်းပိတ်ဆို့နေမှုများ၊ အိမ်အမိုးလန်ခြင်း၊ အိမ်ပေါ်သို့ သစ်ပင်၊ သစ်ကိုင်းပိခြင်း၊ အိမ်ပျက်စီးခြင်းများကို ဝိုင်းဝန်းဖယ်ရှား ရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက် ပြီးစီးမှုများနှင့် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီး မင်းသူရနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည့် လေဘေးသင့် အိမ်ထောင်စု ၇၄ စု၊ လူဦးရေ ၂၀၆ ဦးအတွက် အခြေခံစားသောက်ကုန်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ထောက်ပံ့ငွေများအားလည်းကောင်း၊ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့က ထောက်ပံ့ရေးပစ္စည်း ၁၆ မျိုးနှင့် လူတစ်ဦးလျှင် ငွေကျပ် ၄၂၀၀ နှုန်းဖြင့် ၂၀၆ ဦးအတွက် ဆန်ရိက္ခာဖိုးငွေများအားလည်းကောင်း၊ အိမ်ပြန်လည်တည်ဆောက်ရန် ထောက်ပံ့ငွေများအားလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်အောင်ခရိုင်အတွင်းရှိ ရေလှောင်တမံများအား ကြည့်ရှုစစ်ဆေး



**ပုသိမ် ဇူလိုင် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ မြန်အောင်ခရိုင်အတွင်းရှိ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေများ၊ ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲမှ ရေထုတ်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်အောင်ခရိုင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးရှိ မမြရေလှောင်တမံ စီမံကိန်းသို့ သွားရောက်ခဲ့ပြီး ခုနှစ်အလိုက် မိုးရေချိန်လက်မ၊ ပင်မရေပိုလွှဲမှ ရေကျော်သည့် အမြင့်ဆုံးရေမှတ်၊ အမြင့်ဆုံးပေ၊ ရေကျော်သည့်ရက်၊ ၂၀၁၈ ခုနှစ်တွင် မမြဆည်ရေပိုလွှဲမှ အမြင့်ဆုံး ရေကျော်ခဲ့မှုနှင့်(ယနေ့) ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် မမြဆည် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေပိုလွှဲမှ ရေကျော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားကာ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ကညင်ရေလှောင်တမံစီမံကိန်းသို့ သွားရောက်၍ ပင်မရေပိုလွှဲမှ နှစ်အလိုက် ရေကျော်မှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကညင်ဆည် ရေပိုလွှဲမှ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၃ နာရီတွင် ကညင်ဆည်ရေပိုလွှဲထိပ်မှ ရေကျော်စီးဆင်းမှု အခြေအနေများ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရေလှောင်တမံ ရေပိုလွှဲက ရေကျော်နေမှုကို စောင့်ကြည့်မှတ်တမ်းတင်ထားရှိရန်၊ အချိန်နှင့်တစ်ပြေးညီတင်ပြရန်၊ ရေလှောင်တမံကြံ့ခိုင်ရေး စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# မိုင်းယန်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းမိ

နေပြည်တော် ဇူလိုင် ၂၇

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယန်းမြို့နယ် မိုင်းယန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်စိန်အေးနှင့်အဖွဲ့သည် ဇူလိုင် ၂၇ ရက်က မူးယစ်ဆေးဝါးသတင်းအရ မိုင်းယန်းမြို့နယ် ဟော်ကန်ရပ်ကွက်ရှိ နန်းသန္တာထွေး(ခ)အိထွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းရှိ ခုတင်ပေါ်တွင် တင်ထားသည့် အနက်ရောင်ဘေးလွယ်အိတ်အတွင်းမှ ပလတ်စတစ်အပြာရောင် ကပ်ခွာအိတ်အတွင်း ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ နှစ်ထုပ်၊ အပြား ၅၀ ပါ တစ်ထုပ်၊ WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၅ ပြားပါ တစ်ထုပ် စုစုပေါင်း ၄၇၅ ပြား စုစုပေါင်း တန်ဖိုးငွေကျပ် ၃၃၂၅၀၀ နှင့် ပလတ်စတစ်အကြည်ရောင်ဖြင့် ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်/ အခဲ ၂ ဂရမ်စီပါ နှစ်ထုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၆၄၀၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် မူးယစ်ဆေးဝါးများ သုံးစွဲ/ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိသူ နန်းသန္တာထွေး(ခ)အိထွေး (၂၉) နှစ် (ဘ) ဦးမြသိန်း၊ ဟော်ကန်ရပ်ကွက် မိုင်းယန်းမြို့နယ်နေသူအား မိုင်းယန်းမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Shwe C Chel” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ မြတ်ချယ်အား မွန်းလွဲ ၂ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စဉ့်ကိုင်မြို့အကျော် BOC ဆီဆိုင်အနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ကြက်သွန်ဖြူ ကီလိုဂရမ် ၂၀ ပါ ၆၃၅ အိတ်နှင့် ၂၅ ကီလိုဂရမ်ပါ အိတ် ၂၆၀၀၊ အာလူး ကီလိုဂရမ် ၂၀ ပါ အိတ် ၇၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၈၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် SHACMAN Tractor Head သုံးစီးနှင့် နောက်တွဲယာဉ် သုံးတွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ဇူလိုင် ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီးနှင့် Toyota Mark II မော်တော်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၈ ဒသမ ၆၅၄) တန်၊ သစ်မာ (၄ ဒသမ ၀၆၂) တန်၊ အခြားသစ် (၂ ဒသမ ၈၃၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၄၅၂၂၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ Honda Airwave မော်တော်ယာဉ်တစ်စီးနှင့် ထော်လာဂျီ တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၄၅၂၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။ (ဓာတ်ပုံ)

ထို့အတူ ဇူလိုင် ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ အမှတ်(၁၀) ရပ်ကွက် စက်မှုဇုန်လမ်းထိပ်၌ လိုင်စင်မဲ့ Toyota Land Cruiser တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၄၅၄၅၂၂၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဘရာဇီးအမျိုးသမီးအသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားမှုကို ဂျပန်အမျိုးသမီးအသင်း ချေဖျက်သွားနိုင်မလား

ပါရီအိုလံပစ် ၂၀၂၄ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (ဂ) ပွဲစဉ် (၂) မှ စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် နာမည်ကြီး ဘရာဇီးနှင့် ဂျပန်အသင်းပွဲစဉ်ကို ဇူလိုင် ၂၈ ရက် ည ၉ နာရီခွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ဘရာဇီးနှင့် ဂျပန်အသင်းတို့သည် အဆိုပါ အုပ်စု၌ စပိန်၊ နိုင်ဂျီးရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ အဖွင့်ပွဲစဉ်တွင် ဘရာဇီးအသင်းက နိုင်ဂျီးရီးယားကို တစ်ဂိုး - ဂိုးမရှိဖြင့် နိုင်ပွဲရရှိထားသည်။ ဂျပန်အသင်းက ကမ္ဘာ့အဆင့် နံပါတ်တစ် စပိန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

ယခုပွဲစဉ်အနိုင်ရရှိလျှင် နောက်တစ်ဆင့် တက်လှမ်းနိုင်မည်ဖြစ်သော ဘရာဇီးအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အသင်းကြီး စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဂျပန်အသင်းကလည်း ယခုပွဲစဉ် ရှုံးနိမ့်လျှင် နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး မျှော်လင့်ချက် မှေးမှိန်သွားဖွယ်ရှိသည်။

နာမည်ကြီး ဘရာဇီးအသင်းတွင် ဝါရင့်တိုက်စစ်ကစားသမား မာတာ ပါဝင်လာသော်ငြား အသင်းကစားသမားများကြား ချိတ်ဆက်ကစားမှုပိုင်း လိုအပ်ချက်များစွာ ရှိနေသည်။ ဘရာဇီးနှင့် ဂျပန်အသင်းတို့ တွေ့ဆုံတိုင်း အကြိတ်အနယ်ရှိပြီး အပြန်အလှန်သွင်းဂိုး တွေ့ရလေ့ရှိသည်။

ထိပ်တိုက်တွေ့ဆုံထားသည့် နောက်ဆုံး လေးကြိမ်တွင် ဘရာဇီးအသင်းက အသာရထားကာ နှစ်ကြိမ်နိုင်ပြီး တစ်ကြိမ် သရေကျထားသည်။

ဂျပန်အသင်းသည် ဘရာဇီးအသင်းနှင့် တွေ့ဆုံတိုင်း ရလဒ်ဆိုးရွားမှုကို ယခုတစ်ကြိမ်တွင် ချေဖျက်ကာ ပါရီအိုလံပစ်ပြိုင်ပွဲ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေး မျှော်လင့်ချက် ရှင်သန်သွားနိုင်မလားဆိုသည်ကို ဇူလိုင် ၂၈ ရက် ညပိုင်းတွင် အဆုံးအဖြတ်ပေးသွားတော့မည် ဖြစ်သည်။ **အောင်ဇော်**

❖ ***ကျော့ဖုံးမှ***

အားကစားသမားများသည် စိန့်မြစ်တစ်လျှောက် ခြောက်ကီလိုမီတာခန့် လှေများဖြင့် စီတန်းအင်အားပြခဲ့ကြောင်းနှင့် အမေရိကန်ပေါ့ပ်စူပါစတား လေဒီဂါဂါနှင့် ပါရီမြို့ရှိ မော်လင်းရော့ဂ်ကာဘာရက်သ်မှ အကသမားများက ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

နိုင်ငံတကာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်စ်ဘက်ရှ်က အီဖယ်မျှော်စင်အနီး ထရိုကာဒီရို၌ မိန့်ခွန်းပြောကြားခဲ့သည်။

ယင်းနောက်တွင် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က အားကစားပြိုင်ပွဲကို တရားဝင် ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။

ဖွင့်ပွဲကို လေးနာရီခန့် ကျင်းပခဲ့ပြီး ကြီးမားသည့် ပြဿနာတစ်စုံတစ်ရာမရှိဘဲ ဖွင့်ပွဲကို အဆုံးသတ်နိုင်ခဲ့ကြောင်း သိရသည်။ အားကစားပြိုင်ပွဲများကို ဩဂုတ် ၁၁ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

**အောင်ဇော်**

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၇**

၂၀၂၄ ရာသီ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ် (၈) ပထမနှင့် ဒုတိယနေ့ကို ဇူလိုင် ၂၆၊ ၂၇ ရက်ကကျင်းပရာ ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းအပါအဝင် ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်နှင့် ရှောဝတီယူနိုက်တက်အသင်းအနိုင်ရရှိသည်။

ပွဲစဉ် (၈) တွင် ရှမ်းယူနိုက်တက်အသင်းက Dagon Port အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဟံသာဝတီယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရှောဝတီယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုး၊ ဒဂုံစတားယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲများအတွက် အကောင်းဆုံးဆုများကို ထက်မြတ်လွင် (ရှမ်းယူနိုက်တက်)၊ ကျော်နိုင်ဦး (ဟံသာဝတီ)၊ စိုင်းဇေယျာကျော် (ရန်ကုန်ယူနိုက်တက်)၊ အောင်ခန့်ကျော် (ဒဂုံစတားယူနိုက်တက်) တို့က ရရှိသည်။

ပွဲစဉ် (၈) နောက်ဆုံးနေ့ကို ဇူလိုင် ၂၈ ရက် **(ယနေ့)** တက္ကသိုလ်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Junior Lions အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**



ရှမ်းယူနိုက်တက်နှင့် Dagon Port အသင်း ယှဉ်ပြိုင်စဉ်။

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တနင်္သာရီတိုင်းဒေသကြီး၏ ဒေသထွက်ကုန်ကြမ်းများဖြင့် လူသုံးကုန်နှင့် အလှကုန်များထုတ်လုပ်နေသည့် Be Wine သဘာဝခေါင်းလျှော်ရည်လုပ်ငန်း

## ကျော်ကျော်လတ်(မြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အိမ်တွင်းမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ MSMEs စက်မှုလက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြင့်တင်ရေးဟူသည့် အချက်နှင့်အညီ လုပ်ငန်းရှင်များပေါ်ထွန်းလာစေရန်အတွက် အသက်မွေးဝမ်းကျောင်း ပညာပေးသင်တန်းများဖြစ်သော စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်ထုတ်လုပ်နည်းများနှင့် စက်မှုလက်မှုနည်းပညာသင်တန်းများကို ဒေသခံပြည်သူလူထုအား နှစ်စဉ်သင်ကြားပို့ချလျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် မှတ်ပုံတင်ထားသည့် အသေးစား စက်မှုလက်မှုလုပ်ငန်း ၅ဝ၈ ခု ရှိသည့်အနက် တနင်္သာရီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် သင်တန်းတက်ရောက်၍ လူသုံးကုန်နှင့်အလှကုန်များ ထုတ်လုပ်နေသည့် ထားဝယ်မြို့နယ် ကြက်စားပြင်ရပ်ရှိ Be Wine သဘာဝခေါင်းလျှော်ရည်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ လုပ်ငန်းရှင် ဦးလှမျိုးနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး ။ ။ လုပ်ငန်းရဲ့နာမည်နဲ့ လုပ်ငန်းလိပ်စာကို မိတ်ဆက်ပေးပါဦး။**

ဖြေ ။ ။ ကျွန်တော့်နာမည်က ဦးလှမျိုးပါ၊ လုပ်ငန်းနာမည်က Be Wine သဘာဝခေါင်းလျှော်ရည်ထုတ်တဲ့ လုပ်ငန်းပါ။ ဒီလုပ်ငန်းကို ၂ဝ၂၄ ခုနှစ် ဇန်နဝါရီလက စတင်လုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ လုပ်ငန်းလိပ်စာကတော့ အမှတ်(၈၂၆)၊ စံပြလမ်း၊ ကြက်စားပြင်ရပ် ထားဝယ်မြို့ ဖြစ်ပါတယ်။

**မေး ။ ။ ဘာကြောင့်ဒီလုပ်ငန်းကို စတင်ခဲ့ပါသလဲ။**

ဖြေ ။ ။ ကျွန်တော့်မှာ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုတဲ့ဆန္ဒ အရင်ထဲကရှိပါတယ်။ ကျွန်တော့်မှာရှိတဲ့ ငွေကြေးနဲ့ နိုင်တဲ့ လုပ်ငန်းမျိုး လုပ်ချင်တာပါ။ အဲဒီမှာ တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သင်တန်းတွေ ဖွင့်နေတာသိရတာနဲ့ ဆက်သွယ်ပြီး တက်ဖြစ်ခဲ့ပါတယ်။ ဌာနက ဆရာမတွေကလည်း ကျွမ်းကျင်ပြီး စေတနာထား သင်ကြားပေးတဲ့အတွက် သေချာတတ်မြောက်ပြီး လုပ်ငန်းထူထောင် ဆောင်ရွက်ဖြစ်ခဲ့တာပါ။ အဲဒီအတွက်လည်း ဌာနကို ကျေးဇူးတင်ပါတယ်။

**မေး။ ။ Be Wine က အဓိကထားပြီး ထုတ်လုပ်တဲ့ပစ္စည်းနဲ့ ဘယ်နှမျိုးထုတ်တယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ Be Wine က သဘာဝခေါင်းလျှော်ရည်ကို အဓိကထား ထုတ်လုပ်ပြီး ရေချိုးဆပ်ပြာရည်နဲ့ ပန်းကန်ဆေးဆပ်ပြာရည် နှစ်မျိုးကိုလည်း ထုတ်လုပ်ပါတယ်။ သဘာဝထုတ်ကုန်တွေအပြင် အသစ်အနေနဲ့ ဓာတုခေါင်းလျှော်ရည်ကိုလည်း ထုတ်လုပ်ပါတယ်။

**မေး ။ ။ ဈေးနှုန်းတွေကရော ဘယ်လိုလူတန်းစားတွေအတွက် ရည်ရွယ်ပြီး သတ်မှတ်ရောင်းချပေးတာလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ အခြေခံလူတန်းစားတွေပါ သုံးလို့ရအောင်၊ အရည်အသွေးကောင်းပြီး ဈေးနှုန်းလည်း သင့်တင့်မျှတအောင် ကြိုးစားပြီး ထုတ်လုပ်ထားတာဖြစ်ပါတယ်။ လူတန်းစားမရွေး သုံးလို့ရအောင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ထုတ်ကုန်တွေအတွက် ကုန်ကြမ်းနဲ့ ဆက်စပ်ပစ္စည်းတွေကို ဘယ်ကနေဝယ်ယူပါသလဲ။**

ဖြေ ။ ။ ဒေသမှာထွက်ရှိတဲ့ သဘာဝအသီးအနှံတွေကိုပဲ အခြေခံ ထုတ်လုပ်ထားပါတယ်။ ဘူးခွံ၊ အိတ်ခွံစတဲ့ ဆက်စပ်ပစ္စည်းတွေကိုတော့ ရန်ကုန်ကနေမှာပြီး အသုံးပြုပါတယ်။





**မေး ။ ။ ထုတ်ကုန်တွေကို ဈေးကွက်ကို ဘယ်လိုဖြန့်ပါသလဲ။**

ဖြေ ။ ။ ဈေးကွက်ကတော့ အဓိကအားဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာပဲ ကျယ်ပြန့်စွာ ဖြန့်ဖြူးလျက်ရှိပါတယ်။ ဒါ့အပြင် ရန်ကုန်၊ နေပြည်တော်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီးဘက်ကိုလည်း အမှာစာများအရ ပို့ဆောင်ပေးလျက်ရှိပါတယ်။ သုံးစွဲသူတွေက ကြိုက်နှစ်သက်ကြောင်း ပြန်လည်ပြောပြကြပါတယ်။ တိုးချဲ့တင်ပို့နိုင်အောင်လည်း ကြိုးစား ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ဝန်ထမ်းခန့်ထားလား၊ မိသားစုဝင်တွေနဲ့ပဲ လုပ်တာလား။**

ဖြေ ။ ။ ဝန်ထမ်းလေးဦးခန့်ထားပြီး လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ထုတ်လုပ်ရေးကဏ္ဍမှာ နှစ်ဦးနဲ့ ဖြန့်ချိရေးကဏ္ဍမှာ နှစ်ဦးဖြစ်ပါတယ်။ မိသားစုဝင်တွေလည်း ပါဝင်ဆောင်ရွက်ကြပါတယ်။ အမှာစာများတဲ့နေ့ဆိုရင် နေ့စားခေါ်ပြီး ဆောင်ရွက်ပါတယ်။

**မေး ။ ။ ဈေးကွက်၊ လုပ်ငန်းချဲ့ထွင်ဖို့နဲ့ အသစ်တီထွင်ဖို့ အစီအစဉ်တွေလည်း သိချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့ ဈေးကွက်ချဲ့ဖို့ အစီအစဉ်ရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးရဲ့ ဒေသထွက်ကုန်ဆိုပြီး ပြည်တွင်းကနေ ပြည်ပ Export အထိပါ တင်ပို့နိုင်အောင် ရည်ရွယ်ဆောင်ရွက်နေပါတယ်။ စမ်းသပ်တင်ပို့နေပြီး ကြိုက်နှစ်သက်ကြောင်း သိရှိရပါတယ်။ ထုတ်ကုန်အသစ်အနေနဲ့ ဒေသထွက်သဘာဝပစ္စည်းတွေကို အခြေခံပြီး ရေမွှေး၊ မျက်နှာသစ်ဆပ်ပြာနဲ့ အဝတ်လျှော်ဆပ်ပြာခဲတွေထုတ်လုပ်နိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ Be Wine က ထုတ်ကုန်သုံးစွဲသူတွေကို ဘာများ ပြောချင်ပါသလဲ။**


ဒေသထွက်သဘာဝအသီးအနှံများဖြင့် ခေါင်းလျှော်ရည်ထုတ်လုပ်ရန် ဆောင်ရွက်နေစဉ်။

ဖြေ ။ ။ Be Wine ကိုသုံးစွဲနေကြတဲ့ မိဘပြည်သူများအားလုံးကို Be Wine မိသားစုက ကျေးဇူးအများကြီးတင်ပါတယ်။ ဆက်လက်ပြီးတော့လည်း ကျန်းမာရေးနဲ့ညီညွတ်တဲ့ သဘာဝ ရေချိုးဆပ်ပြာရည်အမျိုးမျိုးနဲ့ လူသုံးကုန်တွေကိုလည်း ဆက်လက် ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ ယုံယုံကြည်ကြည်နဲ့ အားပေးသုံးစွဲကြပါဦးလို့ ပြောချင်ပါတယ်။

**မေး ။ ။ တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုလုပ်ငန်း ဆောင်ရွက်လိုသူတွေအတွက် အကြံပေးစကားလေး ပြောကြားပေးပါဦး။**

ဖြေ ။ ။ ဆောင်ရွက်လိုတဲ့လုပ်ငန်းကို သေချာရွေးချယ်ဖို့ ပြောကြားလိုပါတယ်။ မိမိမှာရှိတဲ့ငွေကြေးအင်အားနဲ့ နိုင်တဲ့လုပ်ငန်းမျိုးကို စတင်ဆောင်ရွက်ဖို့ အကြံပြုလိုပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ အသီးအနှံတွေနဲ့ သဘာဝသယံဇာတတွေ ပေါများစွာထွက်ရှိတဲ့အတွက် လုပ်ငန်းတွေဆောင်ရွက်ရင်လည်း အောင်မြင်နိုင်ပါတယ်။ လိုအပ်တဲ့နည်းပညာအတွက်လည်း ကျွန်တော့်လိုပဲ တနင်္သာရီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနနဲ့ ဆက်သွယ်ဆောင်ရွက်ကြဖို့ အကြံပြုပြောကြားလိုပါတယ်။

**မေး ။ ။ နိုင်ငံတော်က MSMEs လုပ်ငန်းများကို အားပေးနေတဲ့ အချိန်မှာ MSMEs နဲ့ ပတ်သက်တဲ့ဌာနတွေက လုပ်ငန်းကို ဘယ်လိုပံ့ပိုးပေးမှုတွေရှိလဲဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ ပံ့ပိုးမှုများစွာရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှာ ကျွန်တော်ရဲ့ထုတ်ကုန်တွေကို ဓာတ်ခွဲစမ်းသပ်မှုတွေ ဆောင်ရွက်ပြီး ဘေးဥပဒ်ဖြစ်စေတဲ့ ဓာတုဗေဒပစ္စည်းတွေ ပါဝင်ခြင်းမရှိဘဲ အများပြည်သူ ယုံယုံကြည်ကြည်နဲ့ သုံးစွဲရန်သင့်လျော်ကြောင်း ဓာတ်ခွဲအဖြေတွေရရှိခဲ့ပါတယ်။ လုပ်ငန်းကိုလည်း မှတ်ပုံတင်ဆောင်ရွက်ထားရှိပါတယ်။ မှတ်ပုံတင်ထားတဲ့အတွက် သုံးစွဲသူတွေ ယုံကြည်စိတ်ချမှုရရှိစေပါတယ်။ ဈေးကွက်မှာ တရားဝင်ဖြန့်ဖြူးရောင်းချခွင့်ရှိတယ်။ ပြည်တွင်းပြည်ပ အလုပ်ရုံဆွေးနွေးပွဲတွေ၊ သင်တန်းတွေ တက်ရောက်ခွင့်ရှိပြီး ထုတ်ကုန်ပစ္စည်းပြပွဲ၊ ပြိုင်ပွဲနဲ့ ဈေးရောင်းပွဲတွေမှာ ပါဝင်ဆောင်ရွက်ခွင့် ရမှာဖြစ်ပါတယ်။ ဌာနကလည်း အခက်အခဲတွေကို ကူညီဆောင်ရွက်ပေးပြီး ဈေးကွက်ကိုလည်း ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။

**မေး ။ ။ နိုင်ငံတော်က MSMEs လုပ်ငန်းတွေကို အားပေးနေတဲ့ အပေါ် အမြင်ကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ ကျွန်တော်တို့လို တစ်ပိုင်တစ်နိုင် လုပ်ငန်းဆောင်ရွက်လိုသူတွေအတွက်လည်း အခွင့်အလမ်းကောင်းပါပဲ။ ဒေသအလိုက် ထုတ်ကုန်တွေ ပေါများစွာထွက်ရှိလာနိုင်ပြီး ပြည်တွင်းသာမက ပြည်ပဈေးကွက်လည်း ရရှိလာမှာဖြစ်ပါတယ်။ ပြည်သူလူထုအတွက်လည်း အလုပ်အကိုင်တွေ တိုးတက်ရရှိလာနိုင်ပြီး ဝင်ငွေလည်းတိုးတက်လာမှာဖြစ်ပါတယ်။ မိမိရဲ့ ကြိုးစားအားထုတ်မှုကံ၊ ဉာဏ်၊ ဝီရိယအပေါ်မူတည်ပြီး အောင်မြင်ကြမှာ ဖြစ်ပါတယ်။

❖ ❖ ❖

## ရှမ်းရွာသစ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်ယာများရေကြီးနစ်မြုပ်မှုများဖြစ်ပေါ် တောင်ကျရေတိုက်စားမှုကြောင့် တံတားတစ်စင်းချဉ်းကပ်လမ်းပြိုကျမှုဖြစ်

**ရှမ်းရွာသစ် ဇူလိုင် ၂၇**
ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ဇူလိုင် ၂၅ ရက်မှစ၍ မိုးများ အဆက်မပြတ်ရွာသွန်းလျက်ရှိရာ တောင်ကျရေများနှင့် မိုးရေများဝင်ရောက်မှုကြောင့် ချောင်းရေများမြင့်တက်ပြီး ရင်းဘိုင်းကျေးရွာအုပ်စုနှင့် မဲလရောကျေးရွာအုပ်စုရှိ တောင်သူများ၏လယ်ယာမြေများတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်လျက်ရှိသည်။

ရှမ်းရွာသစ်မြို့သည် မြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုရှိပြီး တောင်ပေါ်ဒေသဖြစ်၍ မိုးသည်းထန်စွာရွာသွန်းသည့်အခါ ချောင်းရေလျှံခြင်းများဖြစ်ပေါ်မှုကြောင့် ရင်းဘိုင်းကျေးရွာအုပ်စုနှင့် မဲလရောကျေးရွာအုပ်စုရှိ တောင်သူ ၈၅ ဦးပိုင် လယ်ယာ ၄၁၇ ဧက ရေများနစ်မြုပ်လျက်ရှိကြောင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းပြီး လိုအပ်သည့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ပေါင်းစပ်ကူညီပေးလျက်ရှိကြောင်း သိရသည်။

မိုးများသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး တောင်ကျရေများ တိုက်စားမှုကြောင့် ရှမ်းရွာသစ်မြို့နှင့် မဲကတောခီးကျေးရွာကို ဆက်သွယ်ထားသည့် အရှည်ပေ ၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ ပေ ရှိသော သံခင်းသံကာကွန်ကရစ် တံတားတစ်စင်းချဉ်းကပ်လမ်းပြိုကျပျက်စီးခဲ့သည်။အကျယ်ပေ ၂၀ ခန့် ပြိုကျပျက်စီးခဲ့ကြောင်း၊ အဆိုပါ



ချဉ်းကပ်လမ်းပျက်စီးမှုကြောင့် ကျေးရွာနေဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိနေကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

ရှမ်းရွာသစ်မြို့တွင် ရေဘေးအန္တရာယ်ကျရောက်ပါက လိုအပ်သည်များဆောင်ရွက်ရန်အတွက် ကော်မတီအဖွဲ့များဖွဲ့စည်းထားပြီး ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ တဖြည်းဖြည်း လျော့နည်းကျဆင်းလာ

**ပွင့်ဖြူ ဇူလိုင် ၂၇**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ရေဝတီမြစ်ရေ တဖြည်းဖြည်းလျော့နည်းကျဆင်းလာပြီး မြစ်ကမ်းဘေးအနီး မြစ်ရေမြင့်တက်စဉ်က ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည့်ကျေးရွာများတွင် မြစ်ရေများ လျော့နည်းကျဆင်းလာကြောင်း ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာ ဒေသခံပြည်သူများထံမှ သိရသည်။

"ဒီနှစ် မြစ်ရေမြင့်တက်မှုဟာ ပြီးခဲ့တဲ့နှစ်တွေကထက် ပိုများခဲ့ပါတယ်။ ဒီနေ့မနက်မှာဆိုရင် ရွာတွင်းလမ်းတွေနဲ့ လူနေအိမ်ဝိုင်းအချို့မှာ မြစ်ရေက သိသိသာသာ လျော့နည်းသွားပါတယ်။ မြစ်ရေဝင်ရောက်ခဲ့မှုအနေနဲ့ ရက်ပေါင်း ၂၀ ကြာပါတယ်" ဟု ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

ယခုနှစ်တွင် ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် ပွင့်ဖြူမြို့နယ်အတွင်း မြစ်ကမ်းဘေးအနီး ကျေးရွာများဖြစ်သည့် နန်းတော်ကျွန်း၊ ငါးခြောက်ကျွန်း(ရွာမ)၊ ငါးခြောက်ကျွန်း(ရေလယ်ကျွန်း)၊ ထူး၊ ငှက်တောကုန်း၊ ကျွန်းကလေး၊ ဘီးဇပ်ခုံ၊ ကံလှ၊ သံကိုင်း၊ သိမ်ကုန်း၊ ကူကြီး၊ မြင်းခြံစု၊ ရှားတော၊ ရွှေလှေ၊ ညောင်ကုန်း၊ မှရိုးကုန်း၊ ကြည်ကုန်း၊ ဆင်စု၊ ရေချမ်းစင်၊ ကျောင်းစု၊ ဆည်မုန်းနှင့် အရှေ့လေးအိမ်ကျေးရွာများတွင် မြစ်ရေဝင်ရောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး**
**(ပွင့်ဖြူမြေ)**

## မန်းချောင်းရေလှောင်တမံ ပင်မရေပိုလွှဲမှ ၃ ဒသမ ၂ ပေခန့် ရေကျော်ကျမှုသည် သာမန်အဆင့်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်စရာမလို

**မင်းဘူး ဇူလိုင် ၂၇**
မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံ၌ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းမှ စတင်ပြီး ပင်မရေပိုလွှဲမှ ၃ ဒသမ ၂ ပေခန့် ဆည်ရေများ ကျော်ကျလျက်ရှိပြီး ဆည်ရေပြည့်အမှတ်ကျော်လွန်၍ သာမန်ရေကျော်မှုအဆင့်ဖြစ်သည့်အတွက် ဆည်အောက်ပိုင်းရှိ ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်စရာမလိုကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မန်းချောင်းရေလှောင်တမံရှိ ပင်မရေပိုလွှဲမှ ယခုလက်ရှိ သုံးပေကျော်ခန့် ဆည်ရေကျော်ကျမှုသည် ဆည်ရေပြည့်အမှတ်သို့ရောက်ရှိခဲ့သည့်အတွက် ပုံမှန်(သာမန်) ရေကျော်သည့်အဆင့်သာ ဖြစ်ကြောင်း၊ မန်းချောင်းရေလှောင်တမံ၏ အမြင့်သည် ပေ ၆၄၀ ရှိပြီး ရေပြည့်အမှတ်မှာ ၆၂၅ ပေ ဖြစ်ကြောင်း၊ ဇူလိုင် ၂၇ ရက် နံနက် ၆ နာရီတိုင်းထွာချက်အရ ယင်းတမံ၏ ဆည်ရေအမှတ်သည် ၆၂၈ ဒသမ ၂ ပေသို့ ရောက်ရှိခဲ့သည့်အတွက် ပင်မရေပိုလွှဲမှ အမြင့်ပေ ၃ ဒသမ ၂ ပေခန့် ရေကျော်၍ စီးဆင်းခြင်းဖြစ်ကာ တမံကြံ့ခိုင်ကောင်းမွန်ရေးနှင့် ပင်မရေပိုလွှဲနှစ်ခု၊ အရန်ရေပိုလွှဲနှစ်ခု ဆောင်ရွက်ထားရှိသည့်အတွက် ယခုရေကျော်မှုသည် တမံအနေဖြင့် စိုးရိမ်စရာမလိုကြောင်း၊ မန်းတမံ၏ Maximum High Flood Level သည် ၆၃၃ ဒသမ ၅ ပေ ဖြစ်ပြီး ဆည်ရေကျော်သည့်အချိန်တွင် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်မှုမဖြစ်ပွားစေရန်နှင့် ရေကျော်မှုဖြစ်စဉ်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် အစိမ်းရောင်အလံလွှင့်ထူ၍ အသိပေးဆောင်ရွက်ထားကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးလှိုင်က ပြောသည်။

ယခုလက်ရှိ မန်းချောင်းရေလှောင်တမံအထက်ပိုင်းရှိ အပေါ်ရေဆင်းဧရိယာများတွင် မိုးများအဆက်မပြတ်ရွာသွန်းခြင်း၊ မိုးရွာသွန်းမှုနှင့်အတူ တောင်ကျချောင်းရေများ မန်းချောင်းအတွင်းသို့ စဉ်ဆက်မပြတ် စီးဆင်းဝင်ရောက်မှုများကြောင့် ဆည်ရေသိုလှောင်နိုင်မှုပမာဏထက် ကျော်လွန်ပြီး သာမန်အဆင့် ဆည်ရေကျော်ကျမှုဖြစ်ပွားရခြင်းသာဖြစ်ကြောင်း သိရသည်။

**မောင်မောင် (မင်းဘူး)**

# မြစ်ရေကြီးမှုအခြေအနေများ

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြု

**နေပြည်တော် ဇူလိုင် ၂၇**
ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ **ရေဝတီမြစ်**ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟသ္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ)အထက်သို့ နှစ်ပေကျော်ခန့် (၆၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက် အတွင်း တစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲခန့် (၇၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ **စစ်တောင်းမြစ်**ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ ခြောက်ပေခန့် (၁၈၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **ရွှေကျင်မြစ်**ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အထက်သို့ လေးပေခွဲကျော်ခန့် (၁၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက် အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **ပဲခူးမြစ်**ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အထက်သို့ နှစ်ပေခန့် (၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **သံလွင်မြစ်**ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ငါးပေခွဲကျော်ခန့် (၁၇၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက် အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **သောင်ရင်းမြစ်**ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ) အထက်သို့ ၁၂ ပေခန့် (၃၆၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **ဝေါမြစ်**ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ)အထက်သို့ သုံးပေခန့် (၈၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက် အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲကျော်ခန့် (၄၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက် အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ် အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **တိုးမြစ်**ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက် တစ်ပေခန့် မြင့်တက်လာနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ **ဘီးလင်းမြစ်**ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ (၁၀၂၂ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၄ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟသ္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်၊ သာပေါင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ ဆိပ်သာမြို့၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL–50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 (PM2.5)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6"></td></tr>
<tr><td></td><td>၇</td><td>လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုသိမ်ကြီးမြို့</td><td colspan="4">ကောင်းမွန်</td><td>ခံနိုင်ရည် နည်းပါးသူများအတွက်သာ ထိခိုက်နိုင်</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မတ္တရာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကသာမြို့</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>လဟယ်မြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ကချင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မြစ်ကြီးနားမြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td></td><td>၂</td><td>ဗန်းမော်မြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td></td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>ကောင်းမွန်</td><td colspan="5"></td></tr>
<tr><td>၁၂</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ဒေးဒရဲမြို့နယ်၌ လေပြင်းတိုက်ခတ်၍ နေအိမ်ပြိုခဲ့သော အိမ်ထောင်စုများအား ထောက်ပံ့

ဒေးဒရဲ ဇူလိုင် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် သုံးဒါတ် ကျေးရွာအုပ်စုနှင့် သံဒိဇီးဖြူကုန်းကျေးရွာအုပ်စုတို့တွင် ဇူလိုင်၂၆ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်သဖြင့် နေအိမ်ခြောက်လုံး ပြိုကျပြီး အိမ်နှစ်လုံး ပြိုကျခဲ့ရာ အဆိုပါအိမ်များမှ မိသားစုဝင်များအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇူလိုင် ၂၇ ရက်တွင် ပြုလုပ်သည်။

ဖျာပုံခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမာန်ခနှင့် တာဝန်ရှိသူများက နေအိမ်ပြိုကျမှုဖြစ်ပွားသည့် အိမ်ထောင်စုများအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် ခြောက်သိန်း၊ လေဘေးသင့် မိသားစုဝင်များအတွက် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုး ကျပ် ၅၄၆၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါရှိသည့် ပုံးများကို လေဘေးသင့်အိမ်ထောင်စုများထံ ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

**အေဇာလင်း**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## “Advanced ICT Engineering သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း”

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနရှိ India–Myanmar Centre for Enhancement of IT Skills (IMCEITS) သင်တန်းဌာန၏ သင်တန်းအမှတ်စဉ်–၂၇ နှင့် Information and Communication Technology Training Institute (ICTTI) သင်တန်းဌာန၏ သင်တန်းအမှတ်စဉ်–၃၀ တို့တွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်–

| စဉ် | သင်တန်း | သင်တန်းကာလ | သင်တန်းသားဦးရေ | | သင်တန်းကြေး |
|---|---|---|---|---|---|
| | | | ပြင်ပ | ဝန်ထမ်း | |
| ၁။ | Professional Certificate in Network Development Course | ၁၂–၈–၂၀၂၄ မှ ၁၅–၁၀–၂၀၂၄ အထိ (၁၀ ပတ်) | ၁၅ | ၅ | ၁၅၀,၀၀၀ |
| ၂။ | Oracle Database 11g Course (SQL, PL/SQL and DBA) | ၁၂–၈–၂၀၂၄ မှ ၃၀–၈–၂၀၂၄ အထိ (၃ ပတ်) | ၁၅ | ၅ | ၁၀၀,၀၀၀ |
| ၃။ | Professional Certificate in Java Programming Course (J2SE) | ၉–၉–၂၀၂၄ မှ ၁–၁၁–၂၀၂၄ အထိ (၈ ပတ်) | ၂၀ | ၁၀ | ၁၀၀,၀၀၀ |

**မှတ်ချက်။** အမှတ်စဉ် (၁) သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ ပြည်တွင်း/ ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူများ (သို့မဟုတ်) ဂျပန်နိုင်ငံမှ ကြီးမှူးကျင်းပသော (၇) နိုင်ငံအသိအမှတ်ပြု ITPEC Exam (FE) အောင်မြင်ပြီးသူများနှင့် Networking အခြေခံရှိသူများဖြစ်ရမည်။

အမှတ်စဉ် (၂) သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ ပြည်တွင်း/ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး၊ Database အခြေခံရှိသူများ (သို့မဟုတ်) ဂျပန်နိုင်ငံမှ ကြီးမှူးကျင်းပသော (၇) နိုင်ငံအသိအမှတ်ပြု ITPEC Exam (FE) အောင်မြင်ပြီးသူများဖြစ်ရမည်။

အမှတ်စဉ် (၃) သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ ဂျပန်နိုင်ငံမှ ကြီးမှူးကျင်းပသော (၇) နိုင်ငံအသိအမှတ်ပြု ITPEC Exam (FE) အောင်မြင်ပြီးသူများနှင့် Programming အခြေခံရှိသူများဖြစ်ရမည်။

၂။ အောက်ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်–
- (က) မိမိနှင့်တကွ မိဘနှစ်ပါးသည် နိုင်ငံသားများဖြစ်ရမည်။
- (ခ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်သူဖြစ်ရမည်။ မှတ်ချက် – (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ တက္ကသိုလ်/ ကောလိပ်/ ကျောင်း/ ဌာနများမှ စာပို့ဒ် (၁) ပါ သင်တန်းသား အရည်အချင်းသတ်မှတ်ချက်၏ ဆက်စပ်ဘာသာရပ်ပို့ချ ဆရာ/ဆရာမများသည် ဌာန အကြီးအကဲ၏ ထောက်ခံချက်ဖြင့် ဝင်ခွင့်ဖြေဆိုရန် မလိုအပ်ပါ။)
- (ဂ) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုစာပါရှိရမည်။
- (ဃ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀)နာရီ အထိ အချိန်ပြည့် သင်တန်းများဖြစ်ပါသည်။

၄။ အမှတ်စဉ် (၁) နှင့် (၂) သင်တန်း လျှောက်ထားသူများသည် **၈–၈–၂၀၂၄** (ကြာသပတေးနေ့) တွင် ဝင်ခွင့်စာမေးပွဲဖြေဆိုကြရမည်ဖြစ်ပြီး၊ အမှတ်စဉ် (၃) သင်တန်းလျှောက်ထားသူများသည် **၅–၉–၂၀၂၄** (ကြာသပတေးနေ့) တွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်ပါသည်။

အချိန် – နံနက် ၁၀:၀၀ နာရီ

နေရာ – သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၊ ပါရမီလမ်းမကြီး၊ လှိုင်တက္ကသိုလ်ဝင်း၊ ရန်ကုန်မြို့။

၅။ လျှောက်လွှာများကို သတင်းစာကြော်ငြာပါသည့် နေ့ရက်မှစတင်၍ သင်တန်းရေးရာဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနသို့ ဆက်သွယ်ဝယ်ယူနိုင်ရန်နှင့် အမှတ်စဉ် (၁) နှင့် (၂) သင်တန်းတို့အတွက် **၇–၈–၂၀၂၄** (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ သော်လည်းကောင်း၊ အမှတ်စဉ် (၃) သင်တန်းအတွက် **၄–၉–၂၀၂၄** (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ သော်လည်းကောင်း လျှောက်ထားနိုင်ရန်ဖြစ်ပါသည်။

၆။ အခြားသိရှိလိုသည်များရှိပါက email: **training.ictrc@gmail.com, researchict.edu@gmail.com** ပေးပို့ခြင်း နှင့် တယ်လီဖုန်း– ၀၁–၈၆၅၂၅၂၉၊ ၀၁–၈၆၅၂၅၄၂၊ ၀၉–၂၅၉၇၉၉၅၆၅၊ ၀၉–၉၇၁၃၄၈၇၈၅ သို့ ရုံးချိန်အတွင်း၌ ဆက်သွယ် မေးမြန်း စုံစမ်းနိုင်ပါသည်။

## အမည်မှန်

(ဘ) ဦးထွန်းနိုင်ဦး ၏သား ရေနံချောင်းမြို့ အထက (တွင်းကုန်း) Grade 11 မှ မောင်ညီညီထွန်း ၏အမည်မှန်မှာ မောင်ဇေယျာနိုင် ၈/ရနခ(နိုင်) ၁၉၃၉၅၀ ဖြစ်ပါကြောင်း။

**မောင်ဇေယျာနိုင်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မြေပဒုံကျေးရွာအုပ်စု၊ မြေပဒုံကျေးရွာ(အရှေ့ပိုင်း)နေ (ဘ) ဦးအေးကို ၏သား မောင်အောင်ကိုချစ် ၈/ခမန(နိုင်)၁၉၄၃၆၆ ၏ နိုင်ငံကူးလက်မှတ် ME 733166 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉ ၇၇၇ ၇၉၇ ၁၄၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်မောင်း၏သား မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆီမီးထွန်းကျေးရွာအုပ်စု၊ သဲဖြူကျေးရွာ(အရှေ့ပိုင်း)နေ မောင်ထွန်းလင်း ၉/ကဆန(နိုင်) ၂၃၂၃၅၅၏ နိုင်ငံကူးလက်မှတ်အမှတ် MB–785894 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၇၈၄၅၂၈၅၁၆**

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက (ညောင်အုပ်ဖီး) G–11 တွင် ပညာသင်ကြားနေသော မမိုးပြည့်ပြည့်ဖြိုး ၏ ဖခင်အမည်မှန်မှာ ဦးမင်းလတ် (၉/ဝတန(နိုင်)၁၄၄၇၇၄) ဖြစ်ပါကြောင်း။

**ဦးမင်းလတ်**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၆/ဈေးကွက်၊ ဦးပိုင်အမှတ်–၇၇၊ ဧရိယာ(၀.၀၅၆) ဧကရှိသော ဘိုးဘပိုင်မြေကွက်အား ဦးထွန်းလင်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွတ်ဟကြေညာစာချုပ်(စာချုပ်အမှတ်–၁၅၁/၂၀၂၃)ချုပ်ဆိုပြီး ဒေါ်နွယ်နီအောင် ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်း မှတ်ပုံတင်စာချုပ်(စာချုပ်အမှတ်–၀၉၁/၂၀၂၄)ချုပ်ဆိုပြီးဖြစ်သည့်အတွက် ဒေါ်နွယ်နီအောင်မှ မိမိအမည်ဖြင့် ဘိုးဘပိုင် အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နီအောင်**
**အင်ကြင်းမြောင်လမ်း၊ နဝဒေးရပ်ကွက်၊ ပြည်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ (၅/၇)မြဟမ္မစိုရ်လမ်း၊ တိုက်အမှတ်(၁၀၄၈)၊ တိုက်ခန်းအမှတ်(၅၀၂)၊ (၈)ထပ်တိုက်ရှိ (စတုတ္ထထပ်၊ ၅ လွှာ၊ ခြေရင်းခြမ်း)၊ ဧရိယာအကျယ်အဝန်း (၁၉ ပေ x ၅၄ ပေ)ရှိ ရေမီးစုံ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းတင်တင်မေ (၁၃/ကမန(နိုင်)၀၀၉၈၃၇) နှင့် ဒေါ်သီတာဝင်း (၁၂/သလန(နိုင်)၀၈၇၄၀၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမော် (၁၂/ဥကတ(နိုင်)၀၄၅၀၉၄) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်အေးအေးမော်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုရည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၄၅)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၂၄၄၉၄၂၂၊ ၀၉–၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၄၉၅/ခ)၊ ဆောလမ်း၊ ဧရိယာအကျယ်အဝန်း (၄၀ ပေ x၆၀ ပေ)ရှိ ဒေါ်မြင့်မြင့်အေး (PDE–၀၀၂၇၆၁) (၁၂/ဥကမ(နိုင်)၁၁၇၀၆၇) အမည်ပေါက် နှစ်(၆၀) ဂရန်မူရင်း၊ နေအိမ်ခြံမြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် ဧရိယာအကျယ်အဝန်း (၂၀ ပေ x၆၀ ပေ) ဂရန်မိတ္တူခြမ်း၊ အိမ်နှင့်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဒေါ်လွင်လွင်မော် (၁၂/မရက(နိုင်)၀၃၂၃၄၁) မှ လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူဝင်း (၁၂/သကတ(နိုင်)၁၃၆၆၇၄) မှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုရည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၇၄၅)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၂၄၄၉၄၂၂၊ ၀၉–၆၉၃၅၆၃၇၈၅**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ ကျောင်းလမ်း၊ အမှတ်(၁၄)ရပ်ကွက်၊ အကွက်အမှတ် (P–5၊ ဆန်စက်ကွက်)၊ ဦးပိုင်အမှတ်(၉၀)၊ ဧရိယာ(၀ ဒသမ ၀၅၄)ဧကရှိမြေကွက်အား ဦးမြင့်သိန်း ၁၄/ဒဒရ(နိုင်)၀၇၈၈၀၃ အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါ သည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖျာပုံမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ် (၆၁၂)၊ ဦးပိုင်အမှတ် (၇၂/၃–ခဲစင်း)၊ စစ်ကိုင်း–မြစ်ငယ်ကားလမ်း နှာပေါက်အနီးရှိ မြေကွက်အား ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၂၉နှင့် ၃၀ တို့အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်ပုံစံ (၁၅–က)တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၂–၃–၂၀၁၆)ရက်စွဲပါစာအမှတ် ၂/၃–၃/၇ ဦး (၆/၂၃၄)တို့တင်ပြ၍ ဦးပြည့်ဖြိုးအောင် (မန်နေဂျင်းဒါရိုက်တာ မန်းအမရဖွံ့ဖြိုးရေး ကုမ္ပဏီ) ၉/အမဇ(နိုင်)၀၂၀၇၇၈၈ အမှုတွဲအမှတ် ၂၃၂၉/၂၀၂၄–၂၀၂၅ ဖြင့် ဂရန်သစ်/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ် (၆၁၂)၊ ဦးပိုင်အမှတ်(၇၂/၁)၊ စစ်ကိုင်း–မြစ်ငယ်ကားလမ်း နှာပေါက်အနီးရှိ မြေကွက်အား ၂၀၁၂ခုနှစ်၊လယ်ယာမြေ ဥပဒေပုဒ်မ ၂၉နှင့်၃၀တို့အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်ပုံစံ(၁၅–က)တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၏ (၂–၃–၂၀၁၆)ရက်စွဲပါ စာအမှတ် ၂/၃–၃/၇ဦး (၆/၂၃၄)တို့ တင်ပြ၍ ဦးပြည့်ဖြိုးအောင်(မန်နေဂျင်းဒါရိုက်တာ မန်းအမရဖွံ့ဖြိုးရေးကုမ္ပဏီ) ၉/အမဇ(နိုင်)၀၂၀၇၇၈၈ အမှုတွဲအမှတ်(၂၃၂၆/၂၀၂၄–၂၀၂၅) ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ် (၆၁၂)၊ ဦးပိုင်အမှတ် (၇၀.ခ)၊ စစ်ကိုင်း – မြစ်ငယ်ကားလမ်း နှာပေါက်အနီးရှိ မြေကွက်အား ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၂၉နှင့် ၃၀ တို့အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်ပုံစံ (၁၅–က)တို့နှင့်အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ (၂–၃–၂၀၁၆)ရက်စွဲပါစာအမှတ် ၂/၃–၃/၇ ဦး (၆/၂၃၄)တို့တင်ပြ၍ ဦးပြည့်ဖြိုးအောင် (မန်နေဂျင်းဒါရိုက်တာ မန်းအမရဖွံ့ဖြိုးရေးကုမ္ပဏီ) ၉/အမဇ(နိုင်)၀၂၀၇၇၈၈ အမှုတွဲအမှတ် ၂၃၂၄/၂၀၂၄–၂၀၂၅ ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ မြေတိုင်းအမှတ်(၁၆)၊ ဦးပိုင်အမှတ် (၂၅၃) ဟုခေါ်တွင်သော မြေဧရိယာ(၀.၁၁၀)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းသန်းထွေး အမည်ဖြင့် ပဲခူးခရိုင်မြို့မြေအမှုအမှတ်–၅၃၃/ငါး/၂၀၀၂–၂၀၀၃ အရ (၁၄–၁၁–၂၀၀၂)မှ(၁၃–၁၁–၂၀၃၂)ထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားသော ခြံမြေကွက်နှင့် ၎င်းခြံမြေကွက် ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်တိုက်အိမ်(၁)လုံးအပါအဝင် အဆိုပါအိမ်နှင့်ခြံမြေကွက် ပေါ်ရှိ သီးပင်စားပင်နှင့် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိပါသည်ဟု တာဝန် ယူအဆိုပြုသည့် ဒေါ်သန်းသန်းထွေး(ဘ)ဦးအေးမောင် ၇/ပခန(နိုင်) ၀၀၅၁၄၉ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မီမီထွန်း(ဘ)ဦးဘိုးသီး ၁၂/သဃက(နိုင်) ၁၆၅၀၅၁က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဇေယျာဘုန်းမောင်(LL.B) | ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်–၁၁၄၆၀/၁၀–၁၁–၂၀၁၆) | (စဉ်–၁၄၉၇၃/၁၃–၁၁–၂၀၁၈) |

**(အမှတ်(၄၃၃)၊ မော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့)**
**ဖုန်း–၀၉–၄၂၈၁၂၃၉၄၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊နည်းဥပဒေ–၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၈၅

ဦးတင်ဦး(ခ) ESMIEN **နှင့်** ဦးတင်ဦး
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်–၅၅ နေ(ယခုနေရပ်လိပ်စာမသိ) သူ တရားပြိုင်ဖြစ်သော ဦးတင်ဦး သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၅)ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း (၁)ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၂၆) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍၊ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(စုစန္ဒာဝင်း)**

**ခရိုင်တရားသူကြီး**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ–၅၉၊ ဦးပိုင်အမှတ် ၃၂–က၊ ၅၈x၅၉ ကြား၊ ၃၈x၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြူဖြူအောင် ၉/ပကခ(နိုင်)၀၀၅၀၅၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ဂဂ–၂၊ ဦးပိုင်အမှတ် ၂၆/၅၈X၅၉ကြား၊ ၁၀၃X၁၀၄ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းလွင် ၉/မရမ(နိုင်)၀၄၅၀၉၆/DV–၀၀၃၉၈၃၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၈၄၉/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထင်ကျော် ၁၂/ရကန(နိုင်)၀၆၅၅၇၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ နယ်မြေ(၂)နေ ဒေါ်ကြည်ကြည်ငွေး ၉/မထလ(နိုင်)၀၆၂၁၀၃ ၏ သမီး မဝင့်လှိုင်လှိုင်ထွန်း ၉/မထလ(နိုင်)၃၂၀၄၆၄သည် မိခင်၏ ဆိုဆုံးမမှုများကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။

၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင်–ဒေါ်ကြည်ကြည်ငွေး**

## အမည်မှန်

(ဘ)ဦးကျော်စွာဝင်း၏ သမီး စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ လေ့ကျင့်ရေးအထက်တန်းကျောင်း G-12မှ မသံဇဉ်ကျော်၏ အမည်မှန်မှာ မသံစဉ်ကျော် ဖြစ်ပါကြောင်း။

**မသံစဉ်ကျော်**
**၅/စကန(နိုင်)၃၃၀၂၆၄**

## Passport
## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဆုမွန်သန့်(ဘ) ဦးမျိုးသန့် ၁၂/ဥကမ(နိုင်)၂၉၇၆၁ ၏ နိုင်ငံကူးလက်မှတ် (M 311551) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၇၁၁၅၁၂၄**

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အထက(ခွဲ)ကဒက်ကွင်း၊ ကျောင်းဝင်အမှတ်(၃၂၈) Grade-12 (Steam-2)မှ နန့်အေးမြသဉ္ဇာ၏ မိခင်အမည်မှန်မှာ မသူဇာသန်း ၁၄/မမန(နိုင်)၂၀၃၃၃၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/8402, Honda Click -125 ယာဉ်လက်ဝယ်ရှိသူ Min Thiha Khaing Co.,Ltd.က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## ဒေါပုံမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀

ဒေါ်ဂျေဆာရီ နှင့် ဒေါ်မာမာတူး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ အောင်မေတ္တာ(အလယ်)လမ်း၊အမှတ်-(၁၁၆) ရပ်နေ ဒေါ်မာမာတူး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

တရားပြိုင် ဒေါ်မာမာတူး သင့်အပေါ်၌ တရားလို ဒေါ်ဂျေဆာရီက (၂၉-၃-၂၀၂၄)ရက်စွဲပါ စာချုပ်အရ အိမ်နှင့် မြေတန်ဖိုးငွေ သိန်း(၄၀၀)အနက် ကျန်ရှိသည့်ငွေ (၁၄၄)သိန်းကို တရားပြိုင်မှလက်ခံပြီး အိမ်နှင့်မြေကို တရားလိုသို့ လက်ရောက်ပေးစေလိုမှု (သို့မဟုတ်) အိမ်ခြံမြေအရောင်းအဝယ်အတွက် ပေးချေထားသော စရန်ငွေ (၁၅၆)သိန်း၏ (၂)ဆနှင့် နစ်နာကြေးငွေ(၂၈)သိန်း တိတိ စုစုပေါင်းငွေ (၃၄၀) တိတိရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် (၁၃၈၆ခုနှစ်၊ ဝါခေါင်လဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ် ၊ ဇူလိုင်လ ( ၂၃ ) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ကျော်ရဲထက်)**

**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒေါပုံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊(က)ရပ်ကွက်၊အကွက်အမှတ်(ယ-၃)၊ ဦးပိုင်အမှတ်(၈၂)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးစိုးသိန်း အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ တောင်ဘက်ခြမ်း (၃၀x၄၀)ပေ မြေကွက်ကို ဦးစိုးသိန်းထံမှ ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်သိန်းနှင့် ဒေါ်လေးလေးဖြူတို့က အရောင်းအဝယ် အရပ်ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိ စာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အားချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးစိုးသိန်းနှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်မြင့် LL.B (Advocate) တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၇၅)**
**၃၈လမ်းနှင့် ၆၉လမ်းထောင့် မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၄၀၂၅၉၆၅၅၁**

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၂၆

ဦးကျော်ကျော် နှင့် တပ်သား ကြည်မောင်ဝင်း
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ၅၂x၅၃လမ်းကြား၊ ဂန္ဓမာလမ်း၊ မြရည်နန္ဒာရပ်ကွက်နေ (ဘ) ဦးကိုကြီး၏သားဖြစ်သူ တပ်သား ကြည်မောင်ဝင်း (ယခုနေရပ် လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးကျော်ကျော်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၀)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၆) ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ) ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၃)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ဝေယံမိုး)**

**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ အထက(၁) Grade-11(B)မှ မမေမျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးမင်း ၁၄/ညတန(နိုင်)၀၉၉၁၈၄ ဖြစ်ပါကြောင်း။

**ဦးဇော်မျိုးမင်း**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထကခွဲ (အောင်မြေရွှေဘုံ) Grade-5 မှ မအိမ့်ကြာဖြူ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဦး ၃/မဝတ(နိုင်)၁၀၉၈၀၇ ဖြစ်ပါကြောင်း။

**ဦးနိုင်ဦး**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထကခွဲ(၁) မြဝတီ၊ Grade(4) မှ မရွှန်းလဲ့ဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးမိုးနိုင် ၁၀/ မလမ (နိုင်) ၀၀၂၃၂၆ ဖြစ်ပါကြောင်း။

**ဦးစိုးမိုးနိုင်**

## အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထကခွဲ(ရေပူ)Grade(6) မှ မောင်ဇော်ဇော်၏ အမည်မှန်မှာ မောင်ဇင်မင်းထက်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်နှိမ် ဖြစ်ပါကြောင်းနှင့် မောင်ဇင်မင်းထက်၏ မွေးသက္ကရာဇ်မှာ (၁၀-၅-၂၀၁၁) ဖြစ်ပါသည်။ **မောင်ဇင်မင်းထက်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀)၊မြေကွက်(၂-က)+(၂-ခ)၊ မြေချိန် ဧရိယာ(၅.၅၃၃)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်ကြီးပေါ်တွင်ဆောက်လုပ်ထားသော ဂါးဒင်းစီးတီးအိမ်ရာ၊ တာဝါ(၁၁)၊ (၂)လွှာ၊ အခန်း အမှတ်(၅)၊ ဧရိယာ(၆၀၅)စတုရန်းပေ အကျယ်အဝန်းရှိသော ဦးအိုက်ယုံ အမည်ပေါက်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ (ရေ+မီးအပြည့်အစုံအပါအဝင်)၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ တိုက်ခန်း၏ ဥပစာတစ်ရပ်လုံးနှင့် နေထိုင်ပိုင်ဆိုင်အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်နေထိုင်ပိုင်ဆိုင်ပြီး ကိုယ်တိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအိုက်ယုံ၊ ဘ-ဦးလောအိုက် ၁၃/လရန(နိုင်)၀၉၁၃၅၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေး စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ ဝယ်သူအမည်ပေါက်ကိစ္စများ၊ ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးပြည့်ဖြိုးမောင်မောင် (မဟာဥပဒေဘွဲ့)(စဉ်-၁၁၈၄၉) (တရားလွှတ်တော်ရှေ့နေ)**
**အခန်း(၃/အေ) တာဝါ(၃)၊ သီရိမင်္ဂလာကွန်ဒို၊ ၂၇လမ်း ၇၃x၇၄ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**Ph-09-2035301, 09-952200200, 02-2844959**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၄၂လမ်း နှင့် ၆၆ ဘီလမ်းထောင့်နေ ဦးမာန်တိုးဦး (ဘ) ဦးမြင့်တိုး ၉/အမဇ(နိုင်) ၀၂၅၃၂၇နှင့် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ UBC ကွန်ဒို၊ အမှတ်(၃၀၅/B) နေ ဒေါ်သီတာကျော် (ဘ) ဦးဝင်းကျော် ၉/အမဇ(နိုင်)၀၂၇၆၇၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းအကွက် အမှတ်-၃၈ အုတ်လှယယ်လမ်း၊ မြေကွက်အမှတ်(၁၇၁)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်အဝန်းရှိမြေကွက်သည် ဒေါ်သန်းကြည်- ဦးခင်မောင်ဝင်းအမည်ပေါက်ရှိပြီး နှစ်(၆၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ ဒေါ်သန်းကြည်ကွယ်လွန်ပြီး (၂၅-၁-၂၀၂၃)ရက်တွင် မိသားစုစီမံခန့်ခွဲခြင်းနှင့် အမွေခွဲဝေခြင်းကတိစာချုပ်ချုပ်ဆိုပြီးနောက် ဦးခင်မောင်ဝင်းမှ မြေကွက်၏ အရှေ့ဘက်မျက်နှာလှည့် (တောင်ဘက်ခြမ်း) ပေ(၂၀x၆၀)မြေကွက်အား ခွဲဝေရရှိနေထိုင်ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ တောင်ဘက်ခြမ်း ပေ(၂၀x၆၀) မြေကွက်နှင့် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးခင်မောင်ဝင်း တစ်ဦးတည်းမှသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်ဟု အဆိုပြုကာ ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုလာခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများ၊ တရားရုံးဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးစိုးမြတ်သူ(LL.B)** | **ဒေါ်နှင်းစုလှိုင်(LL.B)** | **ဦးကျော်ထက်(LL.B)** |
| **(စဉ်-၁၁၆၄၁)** | **(စဉ်-၁၉၀၀၅)** | **(၁၉၀၅၇)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(စ-၁/၈၇-ခ)၊ ၆၇(A)နှင့် ၁၀၇(D)လမ်းထောင့်၊ မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း ၀၉-၉၇၂၉၉၆၂၆၂၊ ၀၉- ၇၉၈၆၁၄၉၄၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ၀-၉၊ ဦးပိုင်အမှတ်(၁၂၄/ခဲစင်း)၊ ၆၅X၆၇လမ်းကြား၊ ၁၁၄X၁၁၅လမ်းကြားရှိ ဦးမောင်မောင်အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးမောင်မောင်၊ မိခင် ဒေါ်ကြည်၊ သားဖြစ်သူ ဦးတင်ဝင်း၊ ဦးသန်းငွေတို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၆၆၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော သား၊ သမီး၊ မြေးမများ ဖြစ်ကြသည့် ဒေါ်အမာကြည်(ခ)ဒေါ်ခွေး ၉/အမရ(နိုင်)၀၀၅၈၆၄၊ ဒေါ်အေးယုခိုင် ၉/အမရ(နိုင်)၁၀၃၃၈၄၊ ဒေါ်သီတာအေး ၉/ပကခ(နိုင်)၀၈၀၄၂၈၊ ဒေါ်မြင့်သီ ၉/အမရ(နိုင်)၀၀၅၄၇၅ ၊ ဦးမန်းဖေ့အောင် ၉/အမရ(နိုင်)၀၉၄၉၉၃ တို့၏(GPရရှိသူ ဦးရဲမင်းဖြိုး)ကတောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် (၂၃၀၉/၂၀၂၄-၂၀၂၅)ဖြင့်တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ၀.၉၊ ဦးပိုင်အမှတ် (၁၂၄/ခဲစင်း)၊ ၆၅x၆၇ လမ်းကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဦးမောင်မောင်အမည်ပေါက် တောဂရန်မြေကွက်အား၊ ဖခင် ဦးမောင်မောင်-မိခင် ဒေါ်ကြည်၊ သားဖြစ်သူ၊ ဦးတင်ဝင်း၊ ဦးသန်းငွေတို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၆၆၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော သား၊ သမီး၊ မြေးမများဖြစ်ကြသည့် ဒေါ်အမာကြည်(ခ)ဒေါ်ခွေး ၉/အမရ(နိုင်) ၀၀၅၈၆၄၊ ဒေါ်အေးယုခိုင် ၉/အမရ(နိုင်)၁၀၃၃၈၄၊ ဒေါ်သီတာအေး ၉/ပကခ(နိုင်)၀၈၀၄၂၈၊ ဒေါ်မြင့်သီ ၉/အမရ(နိုင်)၀၀၅၄၇၅၊ ဦးမန်းဖေ့အောင် ၉/အမရ(နိုင်)၀၉၄၉၉၃တို့၏ (GP ရရှိသူ ဦးရဲမင်းဖြိုး)က တောဂရန်စာချုပ်နှင့် အတူ၊ အမှုတွဲအမှတ် (၂၃၀၈/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၆၊ ဦးပိုင်အမှတ် ၇၆ ခဲစင်းမြောက်ဘက်ခြမ်း၊ ၆၇x၆၈ ကြား၊ ကုသိုလ်တော်နှင့် ဇော်ဂျီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဆယ်ဂဲလ်(ခ)စေဂယ် ၉/အမရ (နိုင်)၀၃၅၂၈၃၊ ဒေါ်အမာဒေဝီ ၉/အမရ(နိုင်)၁၇၇၃၅၆တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၀၉/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမင်းသိန်းဦး ၉/မနတ(နိုင်)၀၅၃၃၇၉က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊နည်းဥပဒေ -၁ နှင့် ၅)
## သာကေတမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၆

ဦးမြတ်ငြိမ်း နှင့် ၁။ ဦးမောင်ဆိုင်
၂။ ဒေါ်အုန်းတင်
၃။ ဒေါ်လှအေး
**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/တောင်)ရပ်ကွက်၊ သလ္လာဝတီ(၅)လမ်း၊ အမှတ်(၈၆၅/က)နေ (၁)တရားပြိုင် ဦးမောင်ဆိုင်၊ (၂)တရားပြိုင် ဒေါ်အုန်းတင်နှင့် (၃)တရားပြိုင် ဒေါ်လှအေး(အတူနေသူများ)(ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးမြတ်ငြိမ်းက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ၁၂ အရကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆို၍အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၇ရက်(၁၃၈၆ခုနှစ်၊ ဝါခေါင်လဆန်း၃ရက်) မွန်းမတည့်မီ ၁၁နာရီအချိန်တွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့် အတူယူဆောင်လာရမည်။သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင် လ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲဟန်ဇော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**သာကေတမြို့နယ်တရားရုံး**

